ကြေးမုံ
The Mirror Daily
၁၉၅၇ ဇြေီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 16 May 2019 ၉၆၅၁

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ Myanmar Coffee Forum 2019 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား

မန္တလေး မေ ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် Myanmar Coffee Forum 2019 ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ရှိ Mercure Mandalay Hill Resort Hotel ၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ Myanmar Coffee Forum 2019 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မြို့တော်ဝန် ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ ပြည်တွင်း ပြည်ပမှ ကော်ဖီဆိုင်ရာပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပထမအကြိမ် Coffee Forum ကို ၂၀၁၇ ခုနှစ် မေ ၂၃ ရက်တွင် နေပြည်တော်၌ ပြုလုပ်ခဲ့ပြီး အဆိုပါ Coffee Forum မှ ထွက်ရှိလာသည့် ဖော်ထုတ်ချက်များကို အကောင်အထည်ဖော်ခဲ့ရာတွင် အောင်မြင်မှုများရှိသကဲ့သို့ လိုအပ်ချက်တချို့ရှိနေသေးသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ယခု Coffee Forum နှင့် ပြီးခဲ့သည့် Coffee Forum အကြား(၂)နှစ်တာကာလအတွင်း ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြရာ အောင်မြင်မှုများရှိကြောင်းကို ထုတ်လုပ်မှုတိုးတက်လာခြင်း၊ ဈေးကွက်တစ်ခုဖြစ်ထွန်းလာခြင်းနှင့် တောင်သူများနည်းပညာကောင်းများ အသုံးချလာနိုင်ခြင်းတို့သည် မြင်သာသည့်အချက်များ ဖြစ်ပါကြောင်း။

ထိုသို့ကော်ဖီကဏ္ဍတိုးတက်ဖွံ့ဖြိုးလာမှုကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန် လက်ရှိကာလနှင့် လိုက်လျောညီထွေမှုရှိပြီး လိုအပ်ချက်များကို ထပ်မံဖြည့်ဆည်းအကောင်အထည်ဖော်နိုင်ရန်အတွက် ယခု Forum ကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် ဒုတိယအကြိမ် Coffee Forum ကို မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ရည်ရွယ်ချက် အောင်မြင်နိုင်ရေးအတွက် ဦးစီးဦးဆောင်ပြုနိုင်သည့် Coffee Board အဖွဲ့ဖွဲ့စည်းရေး၊ ကော်ဖီအရည်အသွေး၊ ဈေးကွက်နှင့် ထိုက်သင့်သည့် ဈေးနှုန်းရရှိလာစေရေး၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်နေသူများအတွက် ချေးငွေနှင့် အရင်းအနှီးများရရှိနိုင်ရေးတို့ကို အဓိကထားပြီး ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကတို့ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ကြေးမုံ ယနေ့ ဖတ်စရာ**

## ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

စာမျက်နှာ » ၈

## ရန်ကုန်မြို့ပတ်ယာဉ်လိုင်းသစ်တစ်ခုအား SCANIA ယာဉ်များဖြင့် ယခုလအတွင်း ပြေးဆွဲသွားမည်

စာမျက်နှာ » ၁၇

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# မြို့ပြဖွံ့ဖြိုးရေး လူထုပါဝင်မှုအောင်မြင်

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည်။ စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ နိုင်ငံ၏ဖွံ့ဖြိုးမှုသည် ရန်ကုန်မြို့တွင် ထင်ဟပ်နေသည်။ တစ်နည်းဆိုလျှင် ဖွံ့ဖြိုးမှုမှန်သမျှတို့သည် ရန်ကုန်မြို့တွင် စုပြုံနေသည်။ လူမှုဘဝမြင့်မားရေး၊ လူမှုစီးပွားတိုးတက်ရေးအတွက် အဓိကကျသော စီးပွားရေးဈေးကွက်ကြီးသည် ရန်ကုန်မြို့တွင်ရှိနေသည်။

ထို့ကြောင့် လူမှုစီးပွားမြင့်မားတိုးတက်ရေးအတွက် အနယ်နယ်အရပ်ရပ်မှ လုပ်ငန်းရှင်များ၊ ပြည်သူများ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းအလုပ်များ လုပ်ကိုင်ကြရာ ရန်ကုန်မြို့ မြို့ပြနေထိုင်မှုနှင့် လူဦးရေထူထပ်မှု တစ်နေ့တခြားမြင့်မားလာသည်ကို တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်၍ မြို့ပြလိုအပ်ချက်များနှင့် စိန်ခေါ်မှုများလည်း တစ်နေ့တခြားကြီးမားလာသည်။

လူ့အဖွဲ့အစည်းတစ်ခု ကောင်းမွန်စွာ ရပ်တည်လည်ပတ်နိုင်ရေးအတွက် စနစ်ကျတိုးတက်သည့် မြို့ပြစီမံခန့်ခွဲမှုရှိရမည်ဖြစ်သလို မြို့နေပြည်သူများကလည်း စည်းကမ်းတကျလိုက်နာပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှု ရေရှည်တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှသာ ရေရှည်တည်တံ့ခိုင်မြဲပြီး တိုးတက်အောင်မြင်မည် ဖြစ်သည်။

ရန်ကုန်မြို့တော်ကြီးသည် ယခင်နှင့်မတူ သိသာထင်ရှားစွာ အစစအရာရာ တိုးတက်လာပါသည်။ အထူးသဖြင့် လူဦးရေတိုးတက်မှုနှင့် မော်တော်ယာဉ်စီးရေ တိုးတက်မှုသည် အံ့မခန်းပင် ဖြစ်သည်။ ထိုတိုးတက်မှုများ ဖြေရှင်းရေးမှာတစ်ဖက်၊ မြို့ပြဖွံ့ဖြိုးမှု ဆောင်ရွက်ရေးမှာတစ်ဖက်နှင့် လွယ်ကူလှသည် မဟုတ်ပေ။ စိန်ခေါ်မှုများ၊ ပြဿနာများမှာ ကြီးမားလှသည်။ သို့သော် သက်ဆိုင်ရာအစိုးရနှင့် အဖွဲ့အစည်းများက စိန်ခေါ်မှုများကို ရင်ဆိုင်ကာ မြို့ပြဖွံ့ဖြိုးရေးကို မဖြစ်မနေ ကြိုးပမ်းနေသည်။

စီးပွားရေးတိုးတက်သော ရန်ကုန်မြို့ကြီးအတွက် လမ်းပန်းဆက်သွယ်ရေး၊ မြို့ပြတည်ဆောက်ရေး၊ လျှပ်စစ်မီးရရှိရေးသည် အဓိကကျသောအချက်များဖြစ်၍ ယင်းတို့ကို ဦးစားပေးအကောင်အထည်ဖော်လျက်ရှိသည်။ မြို့ပြလူထု သွားလာမှုလွယ်ကူစေရေးအတွက် YBS ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများကို အကျိုးအမြတ်မကြည့်ဘဲ ဆောင်ရွက်ခဲ့ရာ မြို့နေပြည်သူများ အဆင်ပြေစွာ သွားလာနိုင်သည်။ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများ တိုးချဲ့ပြေးဆွဲခြင်း၊ ရထားလမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်ကြောပိတ်ဆို့မှု လျှော့နည်းကျဆင်းရေးနှင့် မိုးပျံကားလမ်းစီမံကိန်းတို့ကို အကောင်အထည်ဖော်နေသည်။

ထို့အပြင် ဘူတာပလက်ဖောင်းများ၊ ရေမြောင်းများ၊ ကားလမ်းကူးနေရာများနှင့် လိုအပ်သောနေရာများတွင် လူကူးခုံးကျော်တံတားများ၊ တန်ဖိုးနည်းအိမ်ရာများ၊ တန်ဖိုးမြင့်အိမ်ရာများကို တည်ဆောက်ပေးလျက်ရှိသည်။ ထူထပ်သိပ်သည်းသော မြို့ပြကြီးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးကိုလည်း ကြိုးပမ်းဖော်ဆောင်နေသည်။ ဤသို့ဖြင့် ခေတ်မီမြို့တော်ကြီးတစ်ခုအဖြစ် လျော်ညီစေရန်အတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေရာတွင် မြို့နေလူထုစည်းကမ်းလိုက်နာရေးသည် မဖြစ်မနေ လိုအပ်လာသည်။

မြို့ပြဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် ထင်သာမြင်သာပြီး ကြီးမားသောစိန်ခေါ်မှုမှာ မော်တော်ယာဉ်များနှင့် လမ်းနယ်မြေကျူးကျော်မှုများဖြစ်သည်။ ယင်းတို့သည် တစ်မြို့လုံးပျံ့နှံ့နေသဖြင့် ဖြေရှင်းရန်ပင် မလွယ်ကူတော့သည့်အခြေအနေ ဆိုက်နေသည်။ အမှိုက်စွန့်ပစ်ရေးကို အမျိုးသားရေးအသိဖြင့် တစ်စတစ်စဆောင်ရွက်နိုင်ကောင်းသော်လည်း လမ်းနယ်သတ်မှတ်ချက်ပေါ်တွင် နေရာယူထားမှုများမှာ အခိုင်အမာနှင့် အများစုဖြစ်နေ၍ ဖြေရှင်းရန်မလွယ်ကူခြင်းဖြစ်သည်။ နိုင်ငံတကာအဆင့်မီ မြို့ပြတည်ဆောက်ရာတွင် စိန်ခေါ်မှုအမျိုးမျိုးကို ဖြေရှင်းရန်အတွက် ပြည်သူလူထုကို တစ်စတစ်စ စည်းရုံးပညာပေးရမည် ဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တော်ကြီးသည် စီးပွားရေးမြို့တော်ကြီးဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ထင်ရှားသောပြယုဂ်ဖြစ်၍ ရန်ကုန်မြို့ကြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ရမည်သာဖြစ်သည်။ ယင်းအတွက် မြို့နေပြည်သူလူထုအနေဖြင့် မိမိတို့သည် မြို့ပြစည်းကမ်းများကို လိုက်နာခြင်းရှိ၊ မရှိ ဆင်ခြင်သုံးသပ်ပြီး မြို့ပြဖွံ့ဖြိုးရေးတွင် လက်တွဲပါဝင်ရမည်ဖြစ်ပါကြောင်း။ ။

# ပျဉ်းမနားမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆဋ္ဌမတန်း (Grade-6) သင်ရိုးသစ်ဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် မေ ၁၅**

ဆဋ္ဌမတန်း(Grade-6) သင်ရိုးသစ်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းပြခန်းအတွင်း ပြသထားသော သင်ရိုးဟောင်း၊ သင်ရိုးသစ် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆဋ္ဌမတန်း(Grade-6) သင်ရိုးသစ် ဆွေးနွေးပွဲတွင် ဘာသာရပ်အလိုက် ဆွေးနွေးနေမှုများ၊ သင်ကြားသင်ယူ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ သင်ကြားသင်ယူမှု အရည်အသွေး တိုးတက်မြင့်မားလာစေရေးအတွက် စဉ်ဆက်မပြတ် ကြိုးစားအားထုတ် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် အလယ်တန်းပညာရေးစနစ်၏ ရည်ရွယ်ချက်များကို နားလည်သဘောပေါက်၍ ကျောင်းသား ကျောင်းသူများအား ပြန်လည်သင်ကြားရာတွင် အလွတ်ကျက်မှတ်မှုစနစ်မှ ကိုယ်တိုင်စဉ်းစားတွေးခေါ်နိုင်မည့် အလေ့အကျင့်ကောင်းများရရှိအောင် သင်ကြားပေးစေလိုပါကြောင်း။

ပြဋ္ဌာန်းစာအုပ်အတိုင်း သင်ကြားရာတွင် မိမိတို့၏ အတွေ့အကြုံများပေါင်းစပ်၍ တီထွင်ဆန်းသစ်မှုကို အားပေးသည့် သင်ကြားသင်ယူမှုကောင်းများရရှိအောင် သင်ကြားပေးစေလိုပါကြောင်း၊ ဆရာ ဆရာမများ၏ နေထိုင်စားသောက်ရေး ဆောင်ရွက်ထားမှုများနှင့် အခက်အခဲများ ပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားပြီး လိုအပ်ချက်များ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆွေးနွေးပွဲတွင် နည်းပြဆရာ ဆရာမ ၉၁ ဦးက ဘာသာရပ်အလိုက် ခေါင်းစဉ်ငယ်များခွဲ၍ ဆွေးနွေးပို့ချကာ ဆဋ္ဌမတန်း(Grade-6) သင်ရိုးသစ် သင်ကြားမည့် ဆရာ ဆရာမ ၂၉၁၉ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၀ ရက်မှ မေ ၂၄ ရက်အထိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧပြီလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၂၀၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၄၀၀၀ ကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် မေ ၁၅**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ဧပြီလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေမှာ အစိုးရအလုပ်အကိုင် ၁၄၂၇ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၂၂၆၂၁ ဦး စုစုပေါင်း ၂၄၀၄၈ ဦးကို အလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့သည်။

ဧပြီလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် မလေးရှားနိုင်ငံသို့ ၄၄၁၆ ဦး၊ စင်ကာပူနိုင်ငံသို့ ၆၁ ဦး၊ ကိုရီးယားနိုင်ငံသို့ ၄၄၇ ဦး၊ ထိုင်းနိုင်ငံသို့၁၅၄၁၁ ဦး၊ ဂျပန်နိုင်ငံသို့ ၃၀၇ ဦး၊ ယူအေအီးသို့ ၆၁ ဦး၊ ကာတာနိုင်ငံသို့ သုံးဦး၊ ဂျော်ဒန်နိုင်ငံသို့ ၆၀ စုစုပေါင်း ၂၀၇၆၆ ဦးကို အလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၅**

ရန်ကုန်(ရွှေဈေး) ၁၀၅၇၅၀၀ - ၁၀၅၇၅၀၀ မန္တလေး(ရွှေဈေး) ၁၀၅၇၅၀၀ - ၁၀၅၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၅/၁၀၀၀ ကျပ်၊ | ၁၀၀၀/၁၀၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၇၀ ကျပ်၊ | ၁၀၁၀/၁၀၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၀/၉၀၀ ကျပ်၊ | ၉၄၅/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၁၀ ကျပ်၊ | ၁၀၁၅/၁၀၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၁၀/၉၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၂၅/၉၃၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၃.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၃၀.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၄.၅၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၈၇၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၉.၆၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၇၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၉.၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၆၈ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၈.၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၈.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ


စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။

☆ **ရွှေဖုံးမှ**

ယနေ့ကမ္ဘာ့ကုန်စည်များထဲတွင် ရေနံပြီးပါက ကော်ဖီသည် ဒုတိယအဆင့် အရေးပါဆုံးကုန်စည်တစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍမှ ထွက်ရှိသည့် ပြည်ပပို့ကုန်များအနက် ဆန်စပါး၊ ပဲမျိုးစုံတို့သည် အဓိကနိုင်ငံခြားငွေရှာဖွေပေးသည့် သီးနှံများဖြစ်သကဲ့သို့ ကော်ဖီသီးနှံသည်လည်း နိုင်ငံခြားဝင်ငွေရရှိသည့် တန်ဖိုးမြင့်စက်မှုသီးနှံတစ်မျိုးဖြစ်ပါကြောင်း၊ ပြင်ဦးလွင်ဒေသနှင့် ရှမ်းပြည်နယ် ရွာငံဒေသမှထွက်ရှိသည့် မြန်မာ့အာရေဗီးကားကော်ဖီသည် ကမ္ဘာ့အဆင့်မီ (Speciality Coffee) အဆင့်သတ်မှတ်ခံခဲ့ရပြီး ယခုအခါတွင် ကော်ဖီဈေးနှုန်းသည်လည်း သင့်တင့်သည့် ဈေးနှုန်းများရရှိလာပြီဖြစ်သည့်အတွက် မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားဝင်ငွေပိုမိုရရှိလာပြီး မြန်မာ့ကော်ဖီစိုက်တောင်သူများ၊ လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ အာရေဗီးကားကော်ဖီသာမက နိုင်ငံအတွင်းတင်သွင်းနေသည့် Instant Coffee များနေရာတွင် သွင်းကုန်အစားထိုးနိုင်ပြီး စိုက်ပျိုးရန် ရာသီဥတုနှင့် မြေနေရာ အလားအလာရှိသည့် ရိုဘတ်စတာကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြစေလိုပါကြောင်း။

**အတူတကွလက်တွဲ ဆောင်ရွက်**

လက်ရှိ မြန်မာနိုင်ငံ၏ကော်ဖီကဏ္ဍသည် ကော်ဖီစိုက်ပျိုးသည့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်တို့နှင့် နှိုင်းယှဉ်ပါက Processing နည်းပညာအားနည်းခြင်း၊ သတင်းအချက်အလက်ဖလှယ်မှု လိုအပ်ချက်များရှိနေခြင်းနှင့် ကော်ဖီသီးနှံဈေးကွက်ဝေစုရရှိမှုများ အားနည်းနေခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့၏ ကော်ဖီကဏ္ဍတစ်ခုလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေလိုပါက နိုင်ငံတော်အစိုးရ၏ မူဝါဒများဆိုင်ရာရပ်တည်ချက်များနှင့် ပုဂ္ဂလိကစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်တွင် အတူတကွလက်တွဲ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

မိမိတို့၏ ကော်ဖီများကို အရည်အသွေးထိန်းသိမ်းထားနိုင်မည်ဆိုပါက သွင်းကုန်အစားထိုးကုန်ပစ္စည်းအဖြစ်သာမက မိမိတို့လုပ်နိုင်ပါက လုပ်နိုင်သလောက် ပြည်ပပို့ကုန်အဖြစ် ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ တိုးတက်လာစေရန်မှာလည်း မိမိတို့၏ကော်ဖီရပ်ဝန်းကြီးတစ်ခုလုံးနှင့်တိုက်ရိုက်၊ သွယ်ဝိုက်ဆက်နွှယ်ပတ်သက်နေသည့် ပြည်တွင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်ပဆိုင်ရာကိစ္စရပ်များကို လေ့လာချိတ်ဆက်သုံးသပ်နိုင်ရန်နှင့် ပေါင်းစည်းပေးနိုင်ရန်အတွက် ဦးဆောင်ဦးရွက်ပြုကြမည့်ပုဂ္ဂိုလ်များ၏အားကို မဖြစ်မနေရယူရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ယနေ့ Coffee Board အဖွဲ့ဖွဲ့စည်းနိုင်ရေးကို ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ Coffee Board ဖွဲ့စည်းအကောင်အထည်ဖော်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံကော်ဖီအသင်း၊ အခြားဆက်စပ်ဌာနများဖြစ်သည့်ကုန်သွယ်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနတို့မှ စတင်ဆောင်ရွက်စေလိုပါကြောင်း။

**စီးပွားရေးရှုထောင့်အမြင်များဖြင့် အကြံပြုကြစေလို**

အခြားအခက်အခဲတစ်ခုဖြစ်သည့် ရင်းနှီးငွေနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပမှ ချေးငွေရရှိနိုင်မည့် နည်းလမ်းများ ရှာဖွေကြစေလိုပါကြောင်း၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ အတွေ့အကြုံများ၊ နည်းပညာများနှင့် ရလဒ်ကောင်းများ၊ အကြံဉာဏ်များကို ယခုဒုတိယအကြိမ် Coffee Forum တွင် အပြန်အလှန်ဖလှယ်ပြီး ကော်ဖီကဏ္ဍတိုးတက်ရေးအတွက် အလျင်အမြန်အထောက်အကူဖြစ်စေမည့်နည်းလမ်းများရရှိလာစေရန် ဆောင်ရွက်စေလိုပါကြောင်း၊ ဆောင်ရွက်နိုင်ကြမည်ဟုလည်း ယုံကြည်မျှော်လင့်ပါကြောင်း။

မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးရာတွင် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ဝန်ကြီးဌာနမှ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ စိန်ခေါ်မှုများ၊ အနာဂတ်ကော်ဖီဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ လက်ရှိကော်ဖီဈေးကွက်အခြေအနေများ၊ ကော်ဖီစိုက်တောင်သူများအတွက် ပံ့ပိုးပေးရန်လိုအပ်ချက်များအား ထည့်သွင်းဆွေးနွေးကြပြီး စီးပွားရေးပညာရှင်များအနေဖြင့်လည်း တန်ဖိုးမြင့်ထုတ်ကုန် (Coffee Value Added) အတွက် စီးပွားရေးရှုထောင့်အမြင်များဖြင့် အကြံပြုဆွေးနွေးကြစေလိုပါကြောင်း။

Coffee Board ဖွဲ့စည်းနိုင်သည့်အပြင် ယနေ့ မိမိတို့ကော်ဖီကဏ္ဍအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများကို ယနေ့ဖိုရမ်မှ ဖော်ထုတ်ရရှိမည်ဆိုပါက မိမိတို့နိုင်ငံ၏ ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသည့်လမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ပြီဟု ပြောနိုင်ပြီဖြစ်ပါကြောင်း၊ ပါဝင်ပတ်သက်သူများအားလုံးအနေဖြင့်လည်း ရေရှည်ဖွံ့ဖြိုးနေမည့် အခြေအနေများရရှိစေရန် ဝိုင်းဝန်းဆွေးနွေးပေါင်းစပ်ဆောင်ရွက်နိုင်စွမ်းရှိကြသည်ကိုလည်း ယုံကြည်ပါကြောင်း။

**လှည့်လည်ကြည့်ရှု**

နိဂုံးချုပ်အနေဖြင့် မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယခု Coffee Forum မှ ထွက်ပေါ်လာသည့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မြန်မာ့ကော်ဖီအသင်းနှင့် အစုအဖွဲ့များမှ ကော်ဖီလုပ်ငန်းရှင်များနှင့် ကော်ဖီစိုက်ပျိုးသူတောင်သူများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုဆိုင်ရာ Video Clip ကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက Coffee Cupping Competition နှင့်ပတ်သက်၍ Natural Category တွင် ဆုရရှိသူများအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က Washed Category တွင် ဆုရရှိသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးလှကျော်က Other Category တွင် ဆုရရှိသူများအားလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဒုတိယသမ္မတသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ရဲရမန်းရွာအနီးရှိ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ရဲရွာတမံတည်ဆောက်ထားရှိမှုအခြေအနေများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ရဲရွာစက်ရုံအား နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်ထားမှုအခြေအနေ၊ နှစ်အလိုက်ဓာတ်အားထုတ်လုပ်ခဲ့မှုအခြေအနေ၊ ဒီဇိုင်းသတ်မှတ်ချက်နှင့် အမှန်ဓာတ်အားထုတ်လုပ်မှုအခြေအနေ၊ နှစ်အလိုက်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အခြေအနေများနှင့် လုံခြုံရေးနေရာချထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ၂၀၁၉ ခုနှစ်အတွင်း အသစ်ပြီးစီးသည့် ဓာတ်အားပေးစက်ရုံများ အခြေအနေ၊ နှစ်စဉ် လအလိုက် အမြင့်ဆုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအခြေအနေ၊ နှစ်စဉ်လအလိုက် ရေအားစက်ရုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအခြေအနေများကိုလည်းကောင်း၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်တိုးက ရေအားလျှပ်စစ်ရေလှောင်တမံများ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် စောင့်ကြည့်စစ်ဆေးခြင်းဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ယခုနှစ်သည် မုတ်သုံရာသီ နောက်ကျပြီး အထွက်စောမည်ဟုသိရသဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် ချိန်ဆဆောင်ရွက်သွားရန်၊ ရေအားဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းသည် ရာသီဥတုအခြေအနေပေါ်မူတည်၍ ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် အခြားသောနည်းလမ်းများဖြင့် သင့်တင့်သည့် ပမာဏဖြင့် ပေါင်းစပ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်းနှင့် ယခုအချိန်တွင် တာဘိုင် နှစ်လုံးသာလည်ပတ်လျက်ရှိရာ ကျန်တာဘိုင်နှစ်လုံး၏ ကြံ့ခိုင်မှုကောင်းမွန်စေရေး ပြင်ဆင်မွမ်းမံခြင်းအား အချိန်မီဆောင်ရွက်သွားရန် မှာကြားသည်။

**ဂုဏ်ပြုလက်ဆောင်ပေးအပ်**

ယင်းနောက် ဒုတိယသမ္မတသည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် တမံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၀၀၁-၂၀၀၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ရေလှောင်တမံမှာ ကွန်ကရစ်တမံအမျိုးအစားဖြစ်ပြီး အလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ ပေ ဖြစ်ကြောင်း၊ ရေလှောင်ကန်အတွင်းသို့ ရေဆင်းဧရိယာ ၁၀၉၉၀ စတုရန်းမိုင်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၁၂၁ သိန်းဧကပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၂၁ သိန်း ဧကပေဖြစ်ကြောင်း၊ ရေပိုလွှဲမှာ ရေတံခါးမပါ ရေပိုလွှဲ (Ogee Type Ungated) အမျိုးအစားဖြစ်ပြီး အကျယ် ၄၄၈ ပေ ဖြစ်ကြောင်း၊ ဓာတ်အားပေးစက်ရုံ၏ စက်တပ်ဆင်အင်အားမှာ ၇၉၀ မဂ္ဂါဝပ်၊ တာဘိုင်အမျိုးအစားမှာ ဖရန်စစ်တာဘိုင်(ဒေါင်လိုက်) ဖြစ်ပြီး တစ်နှစ်ထုတ်လုပ်မှုကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❒ **ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းများမှ**

**ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းရုံးကို လက်ရှိထက် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် လိုအပ်သော အခြေခံအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ကုန်တင်ယာဉ်ကြီးများ၊ ကုန်သိုလှောင်ရုံများ၊ ကတ္တားများ၊ စစ်ဆေးရေးကိရိယာ(X-Ray) စသည်ဖြင့် အခြားလိုအပ်သည်များကို တိုးမြှင့်တည်ဆောက်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာ-တရုတ်နိုင်ငံနယ်စပ်၊ ကချင်ပြည်နယ် ကန်ပိုက်တီတွင် မကြာမီကာလအတွင်း နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တစ်ခု စနစ်တကျ ပေါ်ထွန်းလာမည်ဖြစ်ပြီး လက်ရှိထက် ဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်သည့် အခြေခံအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်း၊ ကုန်သိုလှောင်ရုံများ၊ ကတ္တားများ၊ စစ်ဆေးရေးကိရိယာ (X-Ray) စသည့် အခြားလိုအပ်သည်များကို တိုးမြှင့်တည်ဆောက်မည့် အစီအစဉ်များ ပါဝင်လာမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကန်ပိုက်တီနယ်စပ် ကုန်သွယ်ရေးစခန်းတွင် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကျွန်းစု မဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၏ **တနင်္သာရီမြို့နယ် မောတောင်မြို့နယ်ခွဲရှိ မြန်မာ-ထိုင်း ကုန်သွယ်ရေးနယ်စပ်ဂိတ်စခန်းအား ယာယီအထူးဂိတ်စခန်းအဖြစ်မှ အမြဲတမ်းကုန်သွယ်မှု ဂိတ်စခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ် ပေးရန် အစီအစဉ် ရှိ၊ မရှိ၊** မင်းလှ မဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၏ **ဆန်စက်များမှ ဘေးထွက်ပစ္စည်းအဖြစ် ထွက်ရှိလာသော ဖွဲနုကို အကျိုးရှိအောင်သုံးစွဲရန် မည်သို့စီစဉ်ထားပြီး ဖွဲနုဆီစက်အဟောင်းများကို မည်ကဲ့သို့ ဆောင်ရွက်နေသည်နှင့် ဖွဲနုဆီစက်အသစ်များ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်ထူးက ရှင်းလင်းဖြေကြားသည်။

တနင်္သာရီ မဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်းက တနင်္သာရီမြို့နယ်သည် နှစ်စဉ်နီးပါး ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည့်အတွက် မြို့နယ်အတွင်း နေထိုင်သော ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စားဝတ်နေရေးတို့အတွက် အခက်အခဲများ ရင်ဆိုင်နေရပြီး ရေဘေးသင့်ကာလအတွင်း လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် နှစ်စဉ် ရေကြီးရေလျှံမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်သော တနင်္သာရီမြစ်ချောင်းတိမ်ကောလာနေမှုကို ရှင်းလင်းဖယ်ရှားနိုင်စေရေးအတွက် **ရေကြီးရေလျှံမှုကြောင့် နှစ်စဉ်နီးပါးရေကြီးနစ်မြုပ်လေ့ရှိသော ရေထိန်းတံခါး (၂)ခု၊ ရွာလုံးကျွတ်ပြောင်းရွှေ့နေရသော ကျေးရွာများအတွက် Cyclone Shelter များ၊ အရေးပေါ်ကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် Speed Boat တစ်စင်း၊ စားနပ်ရိက္ခာများ ပို့ဆောင်ရေးအတွက် ဝန်တင်လှေ နှစ်စင်း ခွင့်ပြုပေးရန်နှင့် တနင်္သာရီမြစ်ကြောင်းရှင်းလင်းရေးကို ပုဂ္ဂလိကကုမ္ပဏီများအား ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပြန်လည်ဖြေကြားမည်ဖြစ်ပါကြောင်း၊ တာအတွင်းသို့ မြစ်ရေဝင်ရောက်မှုမရှိစေရန်အတွက် ရေတံခါးများ၏ Flap Gate များတွင် ရော်ဘာလိုင်နင်များ အသစ်လဲလှယ်ခြင်းအပြင် တာအတွင်းဘက်အပိုင်း၌ Slide Gate ရေတံခါးရွက်များ ထပ်မံထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

အရေးပေါ်ကာကွယ်ရေးဆောင်ရွက်ရန်အတွက် လိုအပ်လျက်ရှိသော Speed Boat တစ်စင်း၊ စားနပ်ရိက္ခာများ ပို့ဆောင်ရေးအတွက် လိုအပ်သော ဝန်တင်လှေနှစ်စင်း ထောက်ပံ့ပေးနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဘတ်ဂျက်လျာထားချက်တွင် ပါဝင်ခြင်းမရှိသကဲ့သို့ World Bank ၏ Immediate Response Mechanism (IRM) အစီအစဉ်ဖြင့် ဝယ်ယူထားသော Speed Boat များမှာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ခွဲဝေပြီးဖြစ်သည့်အတွက် လက်ကျန်ကျန်ရှိခြင်းမရှိသော်လည်း တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်အသုံးပြုရန် (၅၂ × ၈ ဒသမ ၅ × ၄) ပေ Hino K- 13 D အမျိုးအစား သံခွံစက်လှေ နှစ်စင်း ဝယ်ယူရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ စုစုပေါင်းငွေကျပ်သန်း ၆၀ ကို တနင်္သာရီတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးသို့ ၂၀၁၉ ခုနှစ် မေ ၉ ရက်တွင် လွှဲပြောင်းပေးပြီး ဖြစ်ပါကြောင်း။

## အသုံးပြုမည့် စက်လှေများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာမြို့နယ်မှ ထပ်မံတောင်းခံခဲ့ပြီး ခွင့်ပြုချထားပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ

သဘာဝဘေးအန္တရာယ်များ အရေးပေါ်ဖြစ်ပေါ်လာပါက အသုံးပြုနိုင်ရန်အတွက် လူ ၂၀ ဆံ့ Speed Boat နှစ်စင်းနှင့် လူ ၅၀ ဆံ့ စက်လှေသံခွံ နှစ်စင်း ခွင့်ပြုပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြတောင်းခံခဲ့ပြီးဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသုံးပြုမည့် စက်လှေများ၏ အရွယ်အစား၊ အမြန်နှုန်း၊ အင်ဂျင်အမျိုးအစား၊ ဒေသတွင်ဝယ်ယူနိုင်မှု ရှိ၊ မရှိ စသည့်လိုအပ်ချက်များကို သက်ဆိုင်ရာမြို့နယ်မှ ထပ်မံတောင်းခံခဲ့ပြီး ခွင့်ပြုချထားပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြိတ်ခရိုင်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အရင်းအမြစ်များ မဆုံးရှုံးစေရေးအတွက် အရေးပေါ်ခိုလှုံနိုင်ရန် Cyclone Shelter ငါးလုံးကို ထောက်ပံ့ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပြီးဖြစ်သည့်


ပြည်ထောင်စုဝန်ကြီး
ဦးခင်မောင်ချို


အုတ်တွင်း မဲဆန္ဒနယ်မှ
ဒေါ်ချိုချို


ဒုတိယဝန်ကြီး
ဦးကျော်မျိုး


တနင်္သာရီ မဲဆန္ဒနယ်မှ
ဦးအောင်ကျော်ဟိန်း


ပိုင်းမော် မဲဆန္ဒနယ်မှ
ဦးလဂန်ဇယ်ဂျူး


သံဖြူဇရပ် မဲဆန္ဒနယ်မှ
ဦးညဏ်ဟိန်း

အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ဘဏ္ဍာငွေ ကုန်ကျမှုမရှိစေရန်အတွက် တနင်္သာရီမြစ်ကြောင်း ရှင်းလင်းရေးအစီအမံများကို တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ ရေးဆွဲနိုင်မည်ဖြစ်ပါကြောင်း၊ မြစ်ကြောင်းရှင်းလင်းရေးကို ပုဂ္ဂလိကကုမ္ပဏီများအား ခွင့်ပြုပေးနိုင်ခြင်းရှိ၊ မရှိ ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားများ ရယူပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဇဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့်၏ **ဇဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမကြီး၊ ဦးချစ်မောင်လမ်းမ၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် တချို့လမ်းများ၏ လူသွားစင်္ကြံပေါ်တွင် ပိတ်ဆို့တည်ဆောက်ထားသော ဆက်သွယ်ရေးပုံးများ (Network Boxes) များကို ပြောင်းရွှေ့ပေးရန်နှင့် ရှုပ်ထွေးစွာတပ်ဆင်ထားသော ဆက်သွယ်ရေးကြိုးများ၊ ယိုင်လဲနေသော ဆက်သွယ်ရေးတိုင်များကို စနစ်တကျ ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်း၊ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၏ **ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ ကမ်းပြိုမှုအန္တရာယ်အား တားဆီးကာကွယ်ရန် ထိရောက်သည့် နည်းလမ်းများကို စနစ်တကျ သုတေသနပြုဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ်ရှိ၊ မရှိ** မေးခွန်း၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးက **ထီးလင်းမြို့နယ်အတွင်းရှိ ဂန့်ဂေါ-ရေမျက်နီ-ပုလဲ ပဆငလမ်းနှင့် ကျောချောင်း-မျက်မြောင်သို့ ဆက်သွယ်ထားသော လမ်းပေါ်ရှိ စစ်ရှီးချောင်းကူး ကွန်ကရစ်တံတား(၁၄×၈၀) ပေအား ကျေးရွာလမ်းကူးတံတားအဖြစ် အသုံးပြုခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ တင်သွင်းသည့် **အခြေခံပညာရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဥပဒေကြမ်းကော်မတီဝင် ဒေါ်မာမာခိုင်က တင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၆၇ ချက်အား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသဖြင့် အဆိုပါဥပဒေကြမ်းအား အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်းက **အခြေခံပညာမူလတန်းသင် ဆရာ ဆရာမ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသ ကျေးရွာကျောင်းများ၏ လိုအပ်ချက်အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား တိုင်းရင်းသူများကို ဦးစားပေးခန့်အပ်ရေး မူဝါဒတစ်ရပ် ထည့်သွင်းချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ပြည်ထောင်စုအစိုးရ၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နိုင်မှုကြောင့် သွားလာဆက်သွယ်ရေး လွယ်ကူချောမွေ့လာခြင်းနှင့်အမျှ တိုင်းရင်းသားဒေသကျေးလက်များတွင် ဒေသခံဘွဲ့ရများ ပေါ်ထွက်လာသည်ကို တွေ့ရှိရပါကြောင်း၊ တိုင်းရင်းသားကျေးရွာအလိုက် ပေါ်ထွက်နေပြီဖြစ်သည့် ဒေသခံဘွဲ့ရတိုင်းရင်းသားလူငယ်များကို လိုအပ်ချက်အလိုက် တာဝန်ခန့်အပ်နိုင်ပါက ဘာသာစကား အခက်အခဲ ဖြေရှင်းပေးပြီးဖြစ်ခြင်း၊ ပြောင်းရွှေ့ခွင့်တင်၍ လစ်လပ်မှုမဖြစ်ပေါ်ခြင်း၊ စားဝတ်နေရေးအရ မိမိအိမ်တွင် နေသဖြင့် ဝန်ထမ်းအိမ်ရာများ ဖော်ဆောင်ပေးရန် ရန်ပုံငွေအခက်အခဲ ပြေလည်နိုင်ခြင်း၊ လစာနှင့်အညီ အတတ်နိုင်ဆုံးအဆင်ပြေစွာ အသက်မွေးဝမ်းကျောင်းနိုင်ခြင်း၊ အစိုးရအနေဖြင့် ဒေသဓလေ့စရိုက်ယဉ်ကျေးမှုနှင့်ကိုက်ညီသည့် ဝန်ထမ်းများ အလိုအလျောက်ရရှိမည်ဖြစ်၍ ပညာပေးလုပ်ငန်းများတွင်လည်းကောင်း၊ အုပ်ချုပ်ရေးကိစ္စရပ်များတွင်လည်းကောင်း အစိုးရအတွက် အထောက်အပံ့ပြုနိုင်မည့်အပြင် ဦးဆောင်သော ရပ်မိရပ်ဖကောင်းများရရှိခြင်း အစရှိသော ကောင်းကျိုးများ ဖော်ဆောင်နိုင်ခြင်း စသော အကျိုးများရရှိစေမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဦးက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို တင်သွင်းသည့် **ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သောငွေကြေး၊ နည်းပညာအထောက်အပံ့များရရှိစေရေး ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုးက Global Supply Chain တွင် ပါဝင်နိုင်ရန် ပြည်တွင်း SME လုပ်ငန်းများအား နိုင်ငံအဆင့် စွမ်းဆောင်ရည်တိုးတက်မှုသင်တန်း၊ နည်းပညာအဆင့်မြှင့်သင်တန်း အစီအစဉ်များ ပေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ကုန်သွယ်မှုအတွေ့အကြုံ ရရှိစေပြီး နယ်စပ်ချင်းထိစပ်နေသည့် နိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရမည်ဖြစ်ပါကြောင်း၊ ထိုသင်တန်းအစီအစဉ်များကို Online အသုံးပြုကာ မြန်မာဘာသာဖြင့် သင်ကြားနိုင်ရန် စီစဉ်ပေးရမည်ဖြစ်ပါကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာပေါ်တွင်ရှိသမျှသော အစိုးရတိုင်း၏ အန္တိမ ရည်ရွယ်ချက်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် ပုဂ္ဂလိက ကသာ ဦးဆောင်သင့်ပါကြောင်း၊ အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြေလျှော့မှုပေးခြင်း၊ လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးခြင်း၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ စည်းကမ်းစနစ်တကျဖြစ်အောင် ထိန်းကျောင်းပေးခြင်း စသည့် ဒေါက်တိုင်လေးခုကိုသာ ဦးတည်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ခေါင်းဆောင်မှုအရည်အချင်းကို နားလည်သုံးသပ်ဆုံးဖြတ်နိုင်ပြီး အဓိကနှင့် သာမညကိုခွဲကာ အရေးပါခြင်းကို အရာပေး၍ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင်နှင့် ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးဝင်းအောင်တို့က ဆွေးနွေးကြသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ဝန်ကြီးဌာန ၃ ခု၏ ပေါင်းစပ်ဖြေကြားချက်များနှင့်အတူ ရှင်းလင်းဖြေကြားမည် ဖြစ်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသော MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှု၍ အသိပညာပေးသင်တန်းများ၊ စွမ်းရည်မြှင့်သင်တန်းများ၊ ထုတ်လုပ်မှုနည်းပညာလွှဲပြောင်းပေးသည့် သင်တန်းများ၊ ငွေကြေးစီမံခန့်ခွဲမှု သင်တန်းများ၊ လုပ်ငန်းအစီအစဉ် (Business Plan) ရေးဆွဲနည်း သင်တန်းများပေးခြင်း၊ ကွင်းဆင်းလေ့လာအကြံပြုခြင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်း (Business Matching)များ၊ FDI များနှင့် ချိတ်ဆက်ပေးခြင်းတို့ကို နိုင်ငံတကာ ပညာရှင်များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဒေသအလိုက် ကျင်းပပေးလျက် ရှိပါကြောင်း။

**စာမျက်နှာ ၅ သို့** ❖

❂ ကြယ်ပွင့်ပြမေးခွန်းများမှ
အမြန်လမ်းမကြီးအား လေးလမ်းသွားတည်ဆောက်ထားသော်လည်း Highway Capacity အရ ပြည့်ဝစွာအသုံးချနိုင်မှုမရှိပါကြောင်း။

အမြန်လမ်းမကြီးပေါ်၌ မော်တော်ယာဉ်များ အရှိန်ပြင်းစွာ မောင်းနှင်မှုကြောင့် လမ်းလယ်ကျွန်းဘက်သို့ ယိမ်းယိုင်၍ ဘေးတစ်ဖက်တစ်ချက်ရှိ Curb တုံးကို ပွတ်တိုက်မိ၍ တာယာပွင့်တိမ်းမှောက်ခြင်းမှ သက်သာနိုင်စေရန်၊ လမ်းလယ်ကျွန်းပေါ်သို့ ယာဉ်များအရှိန်လွန်ဝင်ရောက်ခဲ့ပါက မူလယာဉ်သွားလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနိုင်စေရန်၊ မော်တော်ယာဉ်များ အရှိန်လွန်၍ Raised Median ၏ Curb တုံးများနှင့် တိုက်မိခြင်းမှ သက်သာနိုင်စေရန်နှင့် အသက်ဆုံးရှုံးသည်အထိ မဖြစ်စေဘဲ ထိခိုက်မှုအား လျှော့ချနိုင်ရန်တို့အတွက် လိုအပ်ချက်အရ Depressed Median ၊ Flexible Barrier များနှင့် Guardrail များအား တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **“ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်အတွင်းရှိ ပဲကြီးကျွန်း-ပေါက်တပင်-ဆိပ်သာ- ကွက်ကျွန်း လမ်းကြောင်းအား လွန်ခဲ့သည့် နှစ်နှစ်ခန့်က World Bank အကူအညီဖြင့် ဖောက်လုပ်ရန် ကွင်းဆင်း၍ Survey တိုင်းထွာခဲ့သော်လည်း ယနေ့တိုင် အကောင်အထည်ဖော်ဆောင်ရွက်မှု မရှိသေးသဖြင့် မည်သို့ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်း”** မေးခွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင်၏ **“ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားကျေးရွာအုပ်စု နန်းခမ်းကျေးရွာနှင့် လယ်မီးကျေးရွာအုပ်စု ကျွန်းပင်သာကျေးရွာသို့ ချိတ်ဆက်ထားသော ကျေးရွာချင်းဆက်(ကုန်ထုတ်) မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း”** မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၏ **“ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ ကယက်-ဆားဒီး- ဝါဒိုင်ကုန်း-ဝါလောင်ကုန်း-ရွှေပြည်ကုန်း-စင်လီ-ပါဆင်း ကျေးရွာများကြား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ”** မေးခွန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ


ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ


မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအေးမင်းဟန်

ဦးမာန်လောမောင်း၏ **“မိတ္ထီလာမြို့မှ နေပြည်တော်သို့ အမြန်လမ်းအဝင်ဂိတ်တွင် ကံကောင်း Mini Toll Gate Class 2 မှ လမ်းမကြီးအသုံးပြုခ ငွေကျပ် ၁၀၀၀ နှင့် နောက်ဂိတ်တစ်ခုတွင် လမ်းဦးစီးဌာနမှ ငွေကျပ် ၂၀၀၀ ကောက်ခံသည့် ငွေကြေးများ မည်မျှရရှိသည်၊ နိုင်ငံတော်အတွက် မည်သို့အသုံးပြုသည်ကို ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူများသိရှိအောင် စာရင်းရှင်းတမ်းထုတ်ပြန်ပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းပြောကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **“မြန်မာ့ဆားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရန်နှင့် နိုင်ငံတကာအဆင့်မီ စားပွဲတင်ဆားများ ထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံတော်မှ ထိရောက်သည့် နည်းပညာနှင့် အရင်းအနှီးများပံ့ပိုးပေးရန်၊ ပြည်ပမှတရားမဝင်ဝင်ရောက်လာသော ဆားများကို တားဆီးပေးရန်နှင့် ဆားကိုကုန်ကြမ်းအဖြစ်အသုံးပြုပြီး ကုန်ချောထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ တည်ထောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန


ဒုတိယဝန်ကြီး ဦးကျော်လင်း


ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်

ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဆားအခွန်အခများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းလျက်ရှိပါကြောင်း။

## နည်းပညာကွာခြားသဖြင့် Iodized Refined Salt များ ထုတ်လုပ်ရန် ငွေကြေးအရင်းအနှီး ပိုမိုကုန်ကျမည်

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လိုင်စင်တင်ထားသည့် ပုဂ္ဂလိကဆားကြိတ်စက် ၇၆ စက် နေလှန်းဆားကြမ်းများကို အိုင်အိုဒင်းဆားချောများအဖြစ် ကြိတ်ခွဲသန့်စင်လျက်ရှိကြောင်း၊ ရိုးရိုးအိုင်အိုဒင်းဆားချော ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ပေါင်းခံသည့် နည်းပညာဖြင့် ထုတ်လုပ်သည့် အိုင်အိုဒင်းသန့်စင်ဆားများ ထုတ်လုပ်မှုအဆင့်ဆင့်သည် မတူညီပါကြောင်း၊ နည်းပညာကွာခြားသဖြင့် Iodized Refined Salt များ ထုတ်လုပ်ရန် ငွေကြေးအရင်းအနှီး ပိုမိုကုန်ကျမည်ဖြစ်ကြောင်း။

၂၀၀၂ ခုနှစ်က ဌာနအစီအစဉ်ဖြင့် ရှမ်းပြည်နယ် သီပေါမြို့နယ် ဘော်ကြိုဒေသတွင် မြေအောက်ဆားငန်ရေ ရရှိရေးအတွက် ရေငန်တွင်း နှစ်တွင်းကို ပေ ၆၀ အနက်အထိ စမ်းသပ်တူးဖော်ခဲ့ပြီး ၎င်းဆားငန်ရေမှ စားပွဲတင်ဆားထုတ်လုပ်ရန် စီစဉ်ခဲ့ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ China National Complete Plant Import and Export Yunnan Co., Ltd. က သန့်စင် Iodized Refined Salt ထုတ်လုပ်ရန် အဆိုပြုခဲ့သော်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှေးဟောင်းဘုရားနယ်မြေဖြစ်သည့်အတွက် ခွင့်မပြုသင့်ကြောင်း၊ အဆိုပါဒေသမှ ဒေသခံပြည်သူများ၏ သဘောတူညီကြောင်း ထောက်ခံချက်နှင့် ပြန်လည်တင်ပြရန်အကြောင်းကြားခဲ့သဖြင့် ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမည့်အစီအစဉ်ကို ရပ်ဆိုင်းခဲ့ပါကြောင်း။

ပြည်ပမှ တရားမဝင် တင်သွင်းလာသည့် ဆားများကို တားဆီးပေးရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့က ဦးဆောင်ပြီး တရားမဝင်ကုန်ပစ္စည်းတားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို ရေပူနှင့် မရမ်းချောင် စစ်ဆေးရေးစခန်းများတွင် အမြဲတမ်းစစ်ဆေးရေးစခန်း ဖွင့်လှစ်ထားရှိပြီး သတင်းရရှိမှုအလိုက် လှုပ်ရှားရှာဖွေဖမ်းဆီးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တရားမဝင်ကုန်သွယ်မှုများ တားဆီးအရေးယူနိုင်ရေး အထူးအဖွဲ့များက လှုပ်ရှားရှာဖွေဖမ်းဆီးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **“တည်ဆဲဥပဒေနှင့်နည်းဥပဒေများကို ချိုးဖောက်၍ သတ္တုကျောက်မီးသွေးများ စုပုံသယ်ယူနေခြင်းနှင့် ခွင့်ပြုချက်မရဘဲ မြေလွတ်၊ မြေရိုင်းများအရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းအား ဥပဒေအရ အရေးယူဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း”** မေးခွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ **“တစ်သျှူးငှက်ပျောများ ထပ်မံတိုးချဲ့စိုက်ပျိုးခြင်း မပြုရဟူသည့် ကချင်ပြည်နယ်အစိုးရ၏ တားမြစ်ချက်ကို ဖောက်ဖျက်ပြီး ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့ တာဆိုင်၊ တိန်းပကျိုင်း ကျေးရွာဒေသတစ်ဝိုက်တွင် သတ္တုတူးဖော်ရေးလုပ်ငန်းအမည်ခံ ပန်းမြတ်မာလာကုမ္ပဏီမှ တရားမဝင်စိုက်ပျိုးလုပ်ကိုင်နေခြင်းအပေါ် အမြန်ဆုံးအရေးယူဖြေရှင်းပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့တင်သွင်းသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်းက ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ **“မြန်မာ့ပင်လယ်ဆိပ်ကမ်းတစ်ခုဖြစ်သော ရခိုင်ပြည်နယ် မဒေးကျွန်းရေနက်ဆိပ်ကမ်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေနံစိမ်းများကို ပိုက်လိုင်းမှတစ်ဆင့်သယ်ယူရန်အတွက် တန်ချိန်သုံးသိန်းခန့် အရွယ်ရှိ ရေနံဆီတင်သင်္ဘောကြီးများ ယင်းဆိပ်ကမ်းသို့ ဝင်ရောက်လျက်ရှိရာ ကြီးမားသည့် မတော်တဆထိခိုက်မှု အန္တရာယ်များ အချိန်မရွေးဖြစ်ပေါ်စေနိုင်ပြီး ပမာဏများပြားသော ဆီယိုဖိတ်မှုများ (Heavy Oil Pollution) ဖြစ်ပေါ်နိုင်စေရာ ပင်လယ်ကမ်းရိုးတန်းနှင့်ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သဘာဝသယံဇာတနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ အချိန်မီနှင့် အမြန်ဆုံးအန္တရာယ်ကာကွယ်တားဆီးရေးကိစ္စများကို ကြိုတင်စီမံခြင်းနှင့် ပြည့်စုံလုံလောက်သော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ စီမံရေးဆွဲပေးရန်”** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်က ယခုဆိုလျှင် ရခိုင်ပြည်နယ် မဒေးကျွန်းရေနက်ဆိပ်ကမ်းတွင် ရေနံရေနံတင်သင်္ဘောကြီးများ ဆိုက်ကပ်လာပြီဖြစ်သဖြင့် ဆီယိုဖိတ်မှုဖြစ်ပွားလာပါက မြန်မာ့ကမ်းရိုးတန်းနှင့်


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်


မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်

ကမ်းခြေတစ်လျှောက် ဖယ်ရှားရှင်းလင်းရန်ခက်ခဲသည့် ရေနံစိမ်းများဖုံးလွှမ်းသွားပါက သဘာဝရေမြေ၊ ဒီရေတောများ၊ အစားမွေးနှင့် ငါးမွေးကန်၊ သားငှက်နှင့် တောရိုင်းတိရစ္ဆာန်၊ သတ္တဝါဇီဝမျိုးစိတ်များ ပျက်စီးဆုံးရှုံးခြင်း၊ ဂေဟစနစ်ပျက်သုဉ်းခြင်း၊ မျိုးဆက်မျိုးပွားမှုဖြစ်စဉ်များကို ထိခိုက်စေနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏တန်ဖိုးရှိလှသည့် ပင်လယ်ကမ်းရိုးတန်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ၏ အသက်မွေးဝမ်းကျောင်းမှုကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အဆိုရှင်၏ အဆိုတွင်ပါဝင်သည့် ဥပဒေနှင့် နည်းဥပဒေများကို ဆောလျင်စွာပြဋ္ဌာန်းပေးရန်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က ဆီတင်သင်္ဘောများသည် မိမိကြောင့်ဖြစ်သည့် ဆီယိုဖိတ်မှုများအတွက်ကိုလည်း ပေးလျော်ဖို့တာဝန်ရှိပါကြောင်း၊ **စာမျက်နှာ ၆ သို့** ❍

❖ **စာမျက်နှာ ၄ မှ**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှလည်း ဖြေလျှော့မှုများအနေဖြင့် MSME လုပ်ငန်းရှင်များ CGI ချေးငွေရရှိရေးထောက်ခံချက်ရယူရာတွင် ငွေကျပ်သိန်း ၂၀၀ အထိ ချေးငွေအတွက် လုပ်ထုံးလုပ်နည်းရေးဆွဲစဉ်က စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ထောက်ခံချက်တင်ပြရန် သတ်မှတ်ထားခဲ့သော်လည်း ယခုအခါ MSME Member Card ဖြင့် ထုတ်ပေးလျက်ရှိပြီး ငွေကျပ်သိန်း ၁၀၀၀ အထိ ချေးငွေအတွက် ယခင်က MSME Agency ထောက်ခံချက်ရယူရန် သတ်မှတ်ခဲ့သော်လည်း ယခုအခါ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့်သာ ထုတ်ချေးပေးလျက်ရှိပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှု မူဝါဒ (၇-၈)နှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းတို့ကို ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းတွင်လည်း ပြည်တွင်းလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ကို မဟာဗျူဟာ၏ အမျိုးအစား (၅)အဖြစ် သတ်မှတ်၍ စက်မှုဆိုင်ရာ ကွန်ရက်ချိတ်ဆက်မှု မြှင့်တင်ခြင်း၊ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေခြင်း၊ စီးပွားရေးစွမ်းဆောင်ရှင်များကို ကူညီပေးရန် စတင်အခြေတည်ခြင်း၊ စက်မှုလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေခြင်းစသည့် လုပ်ငန်းစဉ်များကို စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သော ငွေကြေး၊ နည်းပညာအထောက်အပံ့များ ရရှိစေရေးအတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများဖြစ်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့အနေဖြင့် ပူးပေါင်းကာ ဟန်ချက်ညီညီ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ရှေးရှု၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထပ်မံလိုအပ်လာမည့် အကူအညီ အထောက်အပံ့များရရှိရေးအတွက်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ စီမံချက်ချမှတ်ကာ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် အဆိုအား အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အဆိုအားအတည်ပြုပေးပါရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။


ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို မေ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း International IDEA မှ Ms. Leena Rikkila Tamang နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် International IDEA (International Institute for Democracy and Electoral Assistance)၏ Regional Director (Asia and Pacific) Ms. Leena Rikkila Tamang နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် International IDEA မှ ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ဥရောပသမဂ္ဂ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် STEP Democracy အစီအစဉ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာအကအခြေခံကဗျာလွတ်အက (ပထမအဆင့်) ဆင့်ပွားနည်းပြသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မေ ၁၅**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဖွင့်လှစ်ခဲ့သည့် မြန်မာအကအခြေခံကဗျာလွတ်အက (ပထမအဆင့်) ဆင့်ပွားနည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၁၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅)ရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





**အမှာစကားပြောကြား**

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(သာသနာရေး)မှ သင်တန်းသူ(ဝန်ထမ်း)များ တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးကဗျာလွတ်အကတွင် ပထမဆုရရှိသော မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုပူးတွဲရရှိသော ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်၊ တတိယဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးနှင့် နှစ်သိမ့်ဆုများရရှိသော ကချင်ပြည်နယ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(သာသနာရေး)၊ ကရင်ပြည်နယ်နှင့် အမျိုးသားကဗျာလွတ်အကတွင် ပထမဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးမှ ဦးဝေယံထွန်း၊ ဒုတိယဆုရရှိသော ကရင်ပြည်နယ်မှ ဦးစောကံထူးနှင့် တတိယဆုရရှိသော ဦးသက်ဝေထူးတို့အား ဆုများချီးမြှင့်ပြီး သင်ကြားပြသပေးသည့် နည်းပြဆရာ ဆရာမများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် ဒုတိယဝန်ကြီးဦးကြည်မင်းက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အခြေခံကဗျာလွတ်အက (ပထမအဆင့်)ပြိုင်ပွဲတွင် ပထမဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးမှ သင်တန်းသားနှင့် မကွေးတိုင်းဒေသကြီးမှ သင်တန်းသူတို့က ကဗျာလွတ်အကများဖြင့် စွမ်းရည်ပြတင်ဆက်၍ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(သာသနာရေး)တို့မှ သင်တန်းသား သင်တန်းသူများက စုပေါင်းယိမ်းအက၊ အဆိုတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၅ မှ

မိမိတို့မြန်မာနိုင်ငံအနေဖြင့် ၁၉၅၁ ခုနှစ်ကတည်းက IMO အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သော်လည်း နိုင်ငံ၏အကျိုးစီးပွားကို အကာအကွယ်ပေးမည့် လိုအပ်သည့် ပင်လယ်ရေကြောင်းဆိုင်ရာ ညစ်ညမ်းမှုအတွက် ဥပဒေများအပြည့်အစုံမပြဋ္ဌာန်းရသေးသည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံတွင် ရေနက်ဆိပ်ကမ်းများကို တည်ဆောက်ပြီး နိုင်ငံတကာသင်္ဘောကြီးများ၊ ကုန်တင်သင်္ဘောကြီးများ သွားလာရန်အတွက် မိမိတို့၏သဘာဝပတ်ဝန်းကျင်သယံဇာတနှင့် အကျိုးစီးပွားအကာအကွယ်ပေးမည့် ဥပဒေများ၊ မတော်တဆထိခိုက်မှုဖြစ်ပွားလာပါက လျော်ကြေးရရှိရန်အတွက် ဥပဒေ၊ နည်းဥပဒေများကို ကြိုတင်စီမံမှုများ ပြုလုပ်ထားရန် လိုအပ်ပြီဖြစ်သည့်အတွက် အဆိုရှင်၏အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်တို့က ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိနေသော လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို သတ္တမနေ့အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်းစဉ်**

# နေပြည်တော် လယ်ဝေးမြို့တွင် ထာဝရငြိမ်းချမ်းရေးဓမ္မသဘင် ကျင်းပ





**လယ်ဝေး မေ ၁၅**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းအနီးရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များ ပင့်ဆောင်ပူဇော်ခြင်းအထိမ်းအမှတ် ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ကို ယနေ့ည ၇ နာရီခွဲက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့ရှိ သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားချီးမြှင့်သည်။

**နာယူကြည်ညို**

ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်သို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များနှင့် တရားချစ်ခင်သူတော်စင်အပေါင်းတို့က တရားတော်ကို ရိုသေစွာနာယူကြည်ညိုကြသည်။ ဓမ္မသဘင်ပွဲအပြီးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေး အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား ယနေ့နံနက်ပိုင်းက တပ်ကုန်းမြို့၊ပျဉ်းမနားမြို့မှတစ်ဆင့် လယ်ဝေးမြို့သို့ ပင့်ဆောင်ပူဇော်ရာ လမ်းဘေးဝဲယာတွင် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များက ဖူးမြော်ကြည်ညိုကာ စေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ လှူဒါန်းကြသည်။

**ဟောကြားချီးမြှင့်**

ထို့နောက် လယ်ဝေးမြို့သို့ရောက်ရှိရာ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များက ဖူးမြော်ကြည်ညိုကြပြီး အပူဇော်ခံထားရှိမည့် သီရိမင်္ဂလာခန်းမရှိ မင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

မေ ၁၆ ရက် နံနက်ပိုင်းတွင် ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား လယ်ဝေးမြို့မှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ ပင့်ဆောင်၍ ပူဇော်ခံသွားမည်ဖြစ်ပြီး ညပိုင်းတွင် ဆရာတော်အရှင်ဆန္ဒာဓိက က ငြိမ်းချမ်းရေးတရားတော်အား ဥပ္ပါတသန္တိစေတီတော်ရင်ပြင်တွင် ဟောကြားချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- ဟန်လင်းနိုင်၊ ဝေကြည်စန်းအောင်**

# မှန်ပြောင်းအသုံးပြုခွဲစိတ်ကုသမှုပညာရပ် မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ





**နေပြည်တော် မေ ၁၅**

Laparoscopic-Endoscopic Surgery for ASEAN People Project အရ မှန်ပြောင်းအသုံးပြုမှု ခွဲစိတ်ကုသမှု မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင် - ၁၀၀၀)၌ ကျင်းပသည်။

**နှစ်ပေါင်းများစွာပူးပေါင်းဆောင်ရွက်**

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ မှန်ပြောင်းအသုံးပြုခွဲစိတ်ကုသမှုပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်ခြင်းသည် မြန်မာနိုင်ငံ မှန်ပြောင်းအသုံးပြုခွဲစိတ်ကုသမှုပညာရပ် ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် ကုသရေးကဏ္ဍအပါအဝင် ကျန်းမာရေးကဏ္ဍလုပ်ငန်းများတွင် နှစ်ပေါင်းများစွာ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

ယခုကဲ့သို့ ပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆေးရုံကြီးများတွင်လည်း ဆောင်ရွက်သွားစေလိုပါကြောင်း၊ တိုးတက်လာမှုနည်းပညာ၊ စက်ကိရိယာပစ္စည်းများဖြင့် မှန်ပြောင်း အသုံးပြုခွဲစိတ်ကုသမှုများသည် သမားရိုးကျခွဲစိတ်ကုသမှုများထက် ခွဲစိတ် ကုသမှုခံယူစဉ် သွေးထွက်နည်းခြင်း၊ ခွဲစိတ်ပြီးနောက် ဆေးရုံ၌နေရသည့်ကာလတိုမှု၊ နာကျင်ခြင်းနှင့် အနာရွတ်ဖြစ်ခြင်းသက်သာမှုစသည့် များစွာသော အကျိုးကျေးဇူးများရှိပါကြောင်း၊ ယခုပူးပေါင်းဆောင်ရွက်မှုတွင် ဆောင်ရွက်မည့် မှန်ပြောင်းအသုံးပြုခွဲစိတ်ကုသမှုများသည် အဆင့်အတန်းမြင့်မားကောင်းမွန်ပါကြောင်း။

**ချစ်ကြည်ရေးကို ပိုမိုတိုးမြှင့်**

ပူးပေါင်းဆောင်ရွက်မှုတွင်ပါဝင်သည့် ထိုင်းနိုင်ငံမှ မှန်ပြောင်းအသုံးပြုခွဲစိတ်မှု အထူးကုဆရာဝန်ကြီးများအဖွဲ့အနေဖြင့်လည်း မြန်မာနိုင်ငံ၏ မှန်ပြောင်းအသုံးပြုခွဲစိတ်မှု ပညာရပ်ပိုင်းဆိုင်ရာ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် အကြံပြုချက်များပေးအပ်စေလိုပါကြောင်း၊ ယခုကဲ့သို့သောပူးပေါင်းဆောင်ရွက်မှုများဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးကို ပိုမိုတိုးမြှင့်ခိုင်မာအားကောင်းစေမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ Rajavithi ပြည်သူ့ဆေးရုံကြီးမှ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ခေါင်းဆောင် Dr. Sa-ard Treepongkaruna က နှုတ်ခွန်းဆက်စကားပြောကြားကာ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဆေးရုံအုပ်ကြီးဒေါက်တာပပက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ မှန်ပြောင်းအသုံးပြုခွဲစိတ်ကုသမှုပညာရပ် မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းတွင် ထိုင်းနိုင်ငံ Rajavithi ဆေးရုံကြီးမှ မှန်ပြောင်းအသုံးပြုခွဲစိတ်မှု အထူးကုဆရာဝန်ကြီးနှင့် အထူးကုဆရာဝန်ကြီး ၂၄ ဦး၊ သူနာပြု ၃၆ ဦးတို့နှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင် -၁၀၀၀)၊ နေပြည်တော် သားဖွားနှင့် မီးယပ်အထူးကုဆေးရုံကြီးနှင့် နေပြည်တော် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးတို့မှ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများပူးပေါင်း၍ မှန်ပြောင်းအသုံးပြု ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ခွဲစိတ်ကုသခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး မှန်ပြောင်းအသုံးပြုခွဲစိတ်ကုသမှုဆိုင်ရာ မေ့ဆေးပညာ၊ သူနာပြုစုမှုပညာနှင့် ခွဲစိတ်မှုပညာဆိုင်ရာ နောက်ဆုံးပေါ် အချက်အလက်များကို မျှဝေဖလှယ်မှုများပြုလုပ်သွားမည်ဖြစ်သည်။

**ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မင်္ဂလာသီရိဟိုတယ်၌ကျင်းပသည့် ပြည်သူလူထုအတွင်း နှလုံးရောဂါနှင့် နှလုံးသွေးကြောရောဂါ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်း ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် နှလုံးရောဂါနှင့် နှလုံးသွေးကြောရောဂါဖြစ်ပွားမှု များပြားလျက်ရှိသဖြင့် ပြည်သူလူထုအတွင်း အဆိုပါရောဂါများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို အမျိုးသားအဆင့်လုပ်ငန်းအဖြစ် အထူးဦးစားပေးသတ်မှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါများ၏ နောက်ဆက်တွဲအနေဖြင့်လည်း နှလုံးရောဂါနှင့် နှလုံးသွေးကြောရောဂါများဖြစ်ပွားနိုင်ပြီး အဆိုပါရောဂါများဖြစ်ပွားခံစားရသူများတွင် ဘဝနေထိုင်မှုအရည်အသွေးကျဆင်းခြင်း၊ ပုံမှန်အလုပ်မလုပ်နိုင်သဖြင့် ဝင်ငွေလျော့နည်းခြင်းနှင့် သက်တမ်းမစေ့မီသေဆုံးခြင်းတို့အပြင် နိုင်ငံတော်အတွက် ကာယစွမ်းအားနှင့် ဉာဏစွမ်းအားများ ဆုံးရှုံးရခြင်းတို့ ဖြစ်ပွားနိုင်ပါကြောင်း။

**ဘက်စုံရှုထောင့်မှ ဝိုင်းဝန်းဆောင်ရွက်**

နှလုံးရောဂါနှင့် နှလုံးသွေးကြောရောဂါ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို အမျိုးသားအဆင့် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်စုံရှုထောင့်မှ ဝိုင်းဝန်းဆောင်ရွက်သွားကြပါရန်နှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်ဘဏ္ဍာငွေအပါအဝင် ပံ့ပိုးမှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးဆေးကုဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာနွယ်နွယ်က ပြည်သူလူထုအတွင်း နှလုံးရောဂါနှင့် နှလုံးသွေးကြောရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၊ ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါကုဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာကိုကိုက ပြည်သူလူထုအတွင်း နှလုံးသွေးကြောရောဂါကာကွယ်ရေးအတွက် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကံကောင်းက ဆီးချိုနှင့်သွေးတိုးရောဂါ စစ်ဆေးကုသမှုဆေးပေးခန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အသေးစိတ်ဆွေးနွေးအကြံပြုမှုများ ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

# နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်း နေပြည်တော်မှ ပြန်လည်ထွက်ခွာ



**နေပြည်တော် မေ ၁၅**

နေပြည်တော်၌ ရောက်ရှိနေသည့် နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့် Oslo Center for Peace, Democracy and Human Rights ဥက္ကဋ္ဌ Mr. Kjell Magne Bondevik သည် ယနေ့ည ၇ နာရီတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့် Oslo Center for Peace, Democracy and Human Rights ဥက္ကဋ္ဌ Mr. Kjell Magne Bondevik အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်



**နေပြည်တော် မေ ၁၅**
ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**ကြိုးပမ်းအကောင်အထည်ဖော်**

သတင်းစာရှင်းလင်းပွဲတွင် ပညာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် မည်သည့်ခွဲခြားမှုမျှမရှိဘဲ ပညာသင်ကြားခွင့်ရရှိရေး၊ မည်သည့်တစ်ဦး တစ်ယောက်မျှ မကျန်ရှိစေရေး၊ ကျောင်းနေမြဲ၍ ကျောင်းထွက်သူမရှိစေရေး၊ တာဝန်ယူတာဝန်ခံ၍ ပူးပေါင်းဆောင်ရွက်တတ်ပြီး တီထွင်ဆန်းသစ်ဖန်တီးနိုင်စွမ်းရှိသော လူသားကောင်းများ ပြုစုပျိုးထောင်ရေး၊ တစ်သက်တာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေးဆိုသည့် မျှော်မှန်းရလဒ်များဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများကို ပေးထားသည့် ကတိအတိုင်း ပညာရေးပြုပြင်ပြောင်းလဲမှု ဦးစားပေးလုပ်ငန်းစဉ် (၁၂) ရပ်ဖြစ်သည့် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံသားတိုင်း အနည်းဆုံး မူလတန်းပညာကို သင်ယူပြီးမြောက်ပြီး အလယ်တန်းပညာနှင့် အထက်တန်းပညာကို အဆင့်ဆင့်တိုးမြှင့်သယ်ယူခွင့်များရရှိရန် ဆောင်ရွက်မည်ဖြစ်ရာ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏစွမ်းရည်အားနည်းသော ကလေးများ၊ ဆင်းရဲနွမ်းပါးသည့် ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိ ကလေးများစသည့် ကလေးများအတွက် အလေးထားသည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ကွဲပြားခြားနားသည့် ဘာသာစကားပြောသော မူလတန်းတိုင်းရင်းသားကလေးငယ်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲခြင်းနှင့် သင်ကြားခြင်းများအပါအဝင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း၊ သင့်လျော်သော ဆရာ၊ ကျောင်းသားအချိုး ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းအသီးသီးမှ ဆရာများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှု စွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ခြင်း၊ အခြေခံပညာရေးကို လူတိုင်းပိုမိုလက်လှမ်းမီနိုင်ရန် ဖွံ့ဖြိုးမှုအားနည်းသည့် ဒေသများရှိ ကျောင်းများ(အထူးသဖြင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ လုံလောက်မှုမရှိသော အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများ)၏ လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

**ဦးတည်ဖော်ဆောင်**

ပညာအရည်အချင်းနည်းပါးသူများ၏ နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်စေရန် အခြေခံပညာအလယ်တန်း၊ အထက်တန်း တန်းညှိအစီအစဉ်များနှင့် သက်မွေးမှုသင်တန်း အစီအစဉ်များဖြင့် ဆက်လက်ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ တက္ကသိုလ်များတွင် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားခွင့်၊ အုပ်ချုပ်ခွင့်နှင့် သုတေသနလုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်သော ကမ္ဘာ့အဆင့်မီ အဆင့်မြင့်သင်ရိုး၊ ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် ဦးတည်ဖော်ဆောင်ပေးခြင်း၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးပညာရပ်များကို တက္ကသိုလ်များ၏ ပညာရပ်များနှင့် တန်းတူဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း။

ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန် ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်းပြည်ပမှရရှိသည့် ပညာရေးဆိုင်ရာ ဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ခြင်း၊ တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အခြေခံ၍ ထိရောက်သည့် ပညာရေးပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှုလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို ဖော်ဆောင်လျက်ရှိပါကြောင်း။

**ပြုပြင်ပြောင်းလဲ**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးအသုံးစရိတ် တိုးတက်လာပါကြောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၂ ဒသမ ၁၇ ထရီလီယံ တိုးမြှင့်အသုံးပြု၍ ပညာရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နေသလို အလွတ်ကျက်မှတ်သည့် ပညာရေးစနစ်မှ စဉ်းစားတွေးခေါ်မှုကို အားပေးသောပညာရေးစနစ်ကို အဓိကပြုပြင်ပြောင်းလဲနေပါကြောင်း၊ အခြေခံပညာကဏ္ဍတွင် သူငယ်တန်း + ၁၂ တန်းပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် မူလတန်းပြီးသည့် ကလေးတိုင်းကို အလယ်တန်း၊ အထက်တန်းပညာရပ်များ ဆက်လက်သင်ယူစေပြီး သတ်မှတ်အရည်အချင်းအလိုက် ဘွဲ့၊ ဒီဂရီများ ရရှိစေပြီး ကျွမ်းကျင်မှုအဆင့်အထိရောက်အောင် ဆက်လက်ဆောင်ရွက်နေပါကြောင်း။

သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရာတွင် Grade-1,2,3,6 ကျောင်းသုံးဖတ်စာအုပ်များ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် Grade-3 နှင့် Grade-6 အလယ်တန်း၊ မူလတန်းကျောင်းသုံးဖတ်စာအုပ်များနှင့် ပတ်သက်ပြီး မူလတန်းနှင့် အလယ်တန်း ဆရာ ဆရာမအားလုံးကို သင်တန်းပေးနေပြီဖြစ်ပါကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် Grade-4၊ Grade-7၊ Grade-10 ကျောင်းသုံးဖတ်စာအုပ်အသစ်များပြီးအောင် ရေးဆွဲပြုစုဆောင်ရွက်နေပါကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် Grade-5၊ Grade-8 နှင့် Grade-11 ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၁၂ တန်းလုံးအတွက် ကျောင်းသုံးဖတ်စာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များ ပြီးစီးအောင်ပြုစုနေပါကြောင်း။

**အတန်းစနစ်များကို ပြုပြင်ပြောင်းလဲ**

စနစ်သစ်တွင် သူငယ်တန်းကို Kindergarten၊ ပထမတန်းကို Grade-1၊ ဒုတိယတန်းကို Grade-2၊ တတိယတန်းကို Grade-3၊ စတုတ္ထတန်းကို Grade-4၊ ပဉ္စမတန်းကို Grade-5၊ ဆဋ္ဌမတန်းကို Grade-6၊ သတ္တမတန်းကို Grade-7၊ အဋ္ဌမတန်းကို Grade-8၊ နဝမတန်းကို Grade-9၊ ဒသမတန်းကို Grade-10၊ ဧကာဒသမတန်းကို Grade-11၊ ဒွါဒသမတန်းကို Grade-12 ဟု အတန်းစနစ်များကို ပြုပြင်ပြောင်းလဲဆောင်ရွက်နေပါကြောင်း။

ဆရာ၊ ကျောင်းသားဦးရေကဏ္ဍတွင် အစိုးရကျောင်း ၄၇၀၀၅ ကျောင်း၊ ဆရာ ဦးရေ ၄၀၄၄၄၄ ဦးရေရှိပြီး ကျောင်းသား ကျောင်းသူ ဦးရေမှာ ၉၁၄၄၄၆၉ ရှိပါကြောင်း၊ အစိုးရကျောင်းနှင့် ပုဂ္ဂလိကပေါင်းပါက ကျောင်းသားဦးရေ ၉၇၀၇၀၈၀ ရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့်ကျောင်းများ အရေအတွက် ပိုမိုတိုးတက်လာပြီး ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ပိုမိုတိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ကာ ကျောင်းသား ကျောင်းသူများလည်း ပိုမိုတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

**ပိုမိုတိုးတက်**

လိုအပ်သည့် ကျောင်းဆောင်များကိုလည်း ခွင့်ပြုသည့် ရန်ပုံငွေဖြင့် ဘဏ္ဍာငွေအပေါ်မူတည်ပြီး ဆောင်ရွက်ပေးနေပါကြောင်း၊ ကျောင်းသုံးဖတ်စာအုပ်များတွင် စာရိတ္တနှင့် ပြည်သူ့နီတိစာအုပ်ကို အခမဲ့ဖြန့်ဝေခြင်း၊ ဆရာ ဆရာမများအား ဆရာကိုင်စာအုပ်များ အခမဲ့ဖြန့်ဝေခြင်း၊ ဆရာ ဆရာမ လမ်းညွှန်စာအုပ်များ အခမဲ့ဖြန့်ဝေခြင်းနှင့် လက်တွေ့စာသင်ခန်းသုံးပစ္စည်းများကိုလည်း ထောက်ပံ့ပေးနေပါကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်မှုဦးရေမှာ ယခင်နှစ်က ဦးရေထက် ပိုမိုတိုးတက်လာပါကြောင်း။

၂၀၁၈-၂၀၁၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုသူဦးရေမှာ ၈၅၀၀၀၀ ရှိခဲ့ပြီး အမြင်အာရုံမသန်စွမ်းသူများ၊ အကြားအာရုံမသန်စွမ်းသူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် ရွှေ့ပြောင်းလုပ်သားမိသားစုများမှ ဝင်ရောက်ဖြေဆိုသူ၊ အကျဉ်းထောင်များမှ ဝင်ရောက်ဖြေဆိုသူများ များပြားလာပါကြောင်း၊ ကျောင်းသား၊ ဆရာ၊ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများနှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာမသုံးစွဲရေး၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံ အသိပညာပေးရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရေး၊ ဂိမ်းစွဲလမ်းမှုပပျောက်စေရေးတို့အတွက် ကျောင်းသား၊ ဆရာ၊ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများနှင့် ဆွေးနွေးပွဲများကိုလည်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိပါကြောင်း။

**တစ်နှစ်လုံးဆောင်ရွက်**

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးပြုပြင်ပြောင်းလဲမှုအနေဖြင့် အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းကို တစ်နှစ်လုံးဆောင်ရွက်ခဲ့ပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအနေဖြင့် အစိုးရနည်းပညာအထက်တန်းကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ ပုံမှန်သင်တန်းများအပြင် ကာလတိုသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်သင်ကြားဆောင်ရွက်ပေးနေပါကြောင်း၊ ရွှေ့ပြောင်းနေထိုင်သူများအတွက်လည်း ဒေသနှင့် ကိုက်ညီသည့် သင်တန်းများကို ဖွင့်လှစ်စီစဉ်ဆောင်ရွက်ပေးနေပါကြောင်း။

ပါမောက္ခချုပ်များကော်မတီကို ဖွဲ့စည်းပြီး ညီလာခံ (၂)ကြိမ်ပြုလုပ်ခဲ့ကာ လုပ်ငန်းကော်မတီ ကိုးခုဖွဲ့စည်းခြင်းနှင့် အထူးပြုအဖွဲ့ ရှစ်ဖွဲ့ ဖွဲ့စည်းကာ ဆောင်ရွက်နေပါကြောင်း။

ဆရာ ဆရာမ အရည်အသွေးမြင့်မားရေးအတွက် ၂ နှစ်သင်ပညာရေးကောလိပ်များကို ၄ နှစ်သင်ပညာရေးဒီဂရီကောအလိပ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေပါကြောင်း၊ ဒေသလိုအပ်ချက် အထောက်အကူပြုဘွဲ့သင်တန်းများဖြစ်သည့် အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ်၊ မန္တလေး ဒီဂရီကောလိပ်တွင် ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု ဘွဲ့ကြိုသင်တန်း ဖွင့်လှစ်ခြင်း၊ ရန်ကုန်တက္ကသိုလ်တွင် Fisheries and Aquaculture ဘွဲ့ကြိုသင်တန်းဖွင့်လှစ်ခြင်း၊ စစ်တွေတက္ကသိုလ်တွင် Marine Science ဘွဲ့ကြိုသင်တန်းတို့ကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များတွင် ကျောင်းသားကျောင်းသူများ ပိုမိုသင်ကြားလာပြီး ဘွဲ့ရဦးရေ တိုးတက်လာပါကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း နိုင်ငံပေါင်း ၄၉ နိုင်ငံသို့ ပညာသင်ဦးရေ ၁၈၉၀ ကို စေလွှတ်နိုင်ခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းသားကျောင်းသူများ ကျောင်းနေမြဲပြီး ပညာသင်ယူမှု အရည်အသွေးကောင်းမွန်အောင် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ပြည်သူ့အတွက် တတိယ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်းအပိုင်းတွင် တိုင်းရင်းသားများ၏ ဒေသဖွံ့ဖြိုးရေးအတွက် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲ၏ အကျိုးသက်ရောက်မှုတစ်ခုအဖြစ် တိုင်းပြည်၏ စီးပွားရေးကို အထောက်အကူပြုစေမည့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ၂၀၁၈ ခုနှစ် မတ် ၁၇ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း။

**ခရီးသွားလုပ်ငန်းမြှင့်တင်**

မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းကြီးက ကြီးမှူး၍ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပွဲတော်ကြီးဖြစ်သော "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ"ပွဲတော်ကြီးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ဝင်ကြေးအခမဲ့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း။

"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်ရက်များတွင် မြန်မာတိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအကဓလေ့၊ အဝတ်အထည်နှင့် စားသောက်ကုန်များ၊ စာပေ၊ ဂီတတူရိယာများ၊ ရိုးရာဓလေ့လုပ်ငန်းသုံးပစ္စည်းများ၊ တိုင်းရင်းဆေးများ၊ တိုင်းရင်းသားလူမျိုးအလိုက် သမိုင်း၊ လွတ်လပ်ရေးအတူကြိုးပမ်းခဲ့ကြသည့် သမိုင်း၊ စာအုပ်စာပေများ၊ စီးပွားရေးလုပ်ငန်းများ၊ ဒေသထွက်ကုန်များ၊ ခရီးသွားလုပ်ငန်းရှင်များ၏ ပြခန်းများ၊ ဒေသအလိုက် သဘာဝတန်ဖိုးမြှင့်ထုတ်ကုန်များ၊ ဒေသအလိုက် ခရီးသွားလုပ်ငန်းများ၊ **စာမျက်နှာ ၉ သို့ »»**

»» စာမျက်နှာ ၈ မှ
တိုင်းရင်းသား ခရီးသွားဒေသများနှင့် အထင်ကရနေရာများ၊ ဒေသထွက်ကုန် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းပြခန်းများ ခင်းကျင်းပြသခဲ့သည့်အပြင် Miss Ethnic Myanmar 2019 တိုင်းရင်းသား အလှမယ်ရွေးချယ်ပွဲကိုကျင်းပခဲ့ရာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ပြည်သူများ၊ နိုင်ငံတကာသံတမန်များ၊ နိုင်ငံခြားသားများ လာရောက်လေ့လာအားပေးခဲ့ကြပါကြောင်း။

**ကျင်းပ**

ထို့ပြင် ပွဲတော်ကြီးအား ဂုဏ်ပြုသည့်အနေဖြင့် "အပြောင်းအလဲ-စိန်ခေါ်မှုများမှ အခွင့်အလမ်းများဆီသို့" ဖိုရမ် Change-Challenges to Opportunities အား ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၄ ရက်၌ ကျင်းပခဲ့ပါကြောင်း။

တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ် အခမ်းအနားပွဲတော်များကို ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျင်းပသည့်အခါ ဝန်ကြီးဌာနက ထောက်ပံ့ကူညီပေးပြီး တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကျင်းပသည့်အခါ သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးပါကြောင်း၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်အတွင်း ကျင်းပခဲ့သည့် ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ကောက်သစ်လှူဒါန်းခြင်း အခမ်းအနား၊ အာခါအမျိုးသား စုပေါင်းနှစ်သစ်ကူးပွဲတော်၊ ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်၊ ကရင်နှစ်သစ်ကူးပွဲတော်၊ ကရင်နှစ်သစ်ကူးနေ့အခမ်းအနား၊ (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနား၊ ကိုးကန့်တိုင်းရင်းသားလူမျိုးများ၏ နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော်၊ (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား၊ ဒသမအကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့၊ ပအိုဝ်းအမျိုးသားနေ့ (အကြို)အခမ်းအနား၊ (၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့(ဗဟို)အခမ်းအနား၊ (၆၁)ကြိမ်မြောက် ကယားပြည်နယ်လုံးဆိုင်ရာ စုပေါင်းကေ့ထျိုးဘိုး (ခေါ်) ဂန်းခွမ့်တံခွန်တိုင်ပွဲတော် အခမ်းအနား၊ (၁၉)ကြိမ်မြောက် ကယန်းအမျိုးသားနေ့အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ တက်ရောက်ခြင်းနှင့် အလှူငွေပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အချို့အခမ်းအနားများတွင် သဝဏ်လွှာပေးပို့ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းရင်းသားပညာရေးကဏ္ဍ ဆောင်ရွက်မှုများအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေသင်ကြားပေးသည့် သင်ကြားရေးအထောက်အကူပြု နေ့စားလပေးဆရာ ဆရာမ Teaching Assistant (TA) များ ခန့်ထားနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နေပြည်တော်တို့တွင် (TA) ဆရာ ဆရာမ ၅၁၆၁ ဦးကို ခန့်ထားနိုင်ခဲ့ပါကြောင်း။

Teaching Assistant ခန့်ထားပြီး ၅၁၆၁ ဦးအနက် ဘွဲ့ရ ၇၁၉ ဦးကို ပညာရေးကောလိပ်တွင် သင်တန်းများ တက်ရောက်ပြီးပါက မူလတန်းပြဆရာ ဆရာမများအဖြစ် ခန့်ထားပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**လျှောက်လွှာများ စိစစ်ဆောင်ရွက်**

၂၀၁၉ ပညာသင်နှစ်၌ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေသင်ကြားပေးမည့် သင်ကြားရေးအထောက်အကူပြု နေ့စားလပေး ဆရာ ဆရာမ Teaching Assistant (TA) များနှင့် တိုင်းရင်းသားဘာသာစကားတတ်ကျွမ်းသော ပြင်ပမှ ဆရာ ဆရာမများကို တစ်လလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ဘာသာစကားသင် ဆရာ ဆရာမ Language Teacher များကို ကျောင်းဖွင့်အမီ ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာများ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းရင်းသားကလေးငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်စေရန် KG တန်းများအတွက် အခြေခံဖြစ်သော တိုင်းရင်းသားဘာသာနှင့် မြန်မာဘာသာ နှစ်မျိုး၊ ပုံပြပုံပြင်စာအုပ် (ရုပ်ပြ) များကို တိုင်းရင်းသားဘာသာ ၆၆ မျိုးဖြင့် A5 အရွယ်အုပ်ရေ ၃၄၁၂၂၃၀ ပုံနှိပ်ထုတ်ဝေဖြန့်ချိဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းရင်းသားကျန်းမာရေးကဏ္ဍ ဆောင်ရွက်မှုများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ၂၀၁၈ ခုနှစ် မတ် ၆ ရက်တွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ်ကို တိုင်းရင်းသားဘာသာသို့ ပြန်ဆိုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ကာ တိုင်းရင်းသားဘာသာများဖြင့် ပုံနှိပ်ဖြန့်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကလေးငယ်များ ကာကွယ်ဆေးထိုးနှံရေးပိုစတာ၊ ဂျပန်ဦးနှောက်အမြေးရောင်ရောဂါကာကွယ်ဆေး ထိုးနှံရေးပိုစတာ၊ တုပ်ကွေးရောဂါကာကွယ်ရေး ပိုစတာများကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုပြီး ကျန်းမာရေးပညာပေးခဲ့သည့်အတွက် တိုင်းရင်းသားများအနေဖြင့် အလွယ်တကူ နားလည်သဘောပေါက်သောကြောင့် အကျိုးကျေးဇူးများစွာ ရရှိခဲ့ပါကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်မြင့်မားလာစေရန်အတွက် ပြည်ပနိုင်ငံများသို့ ၃ နှစ်တာအတွင်း လေ့လာရေး၊ ဆွေးနွေးပွဲများသို့ ၂၇ ဦး၊ သင်တန်းများသို့ ၁၀ ဦး စေလွှတ်နိုင်ခဲ့ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားလူမျိုးစုရေးရာကော်မရှင် ဒုတိယဝန်ကြီး Mr. LI Changping ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်ကြာ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်းနှစ်နိုင်ငံ တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြပြီး အမျိုးသားလူမျိုးစုရေးရာကော်မရှင်အုပ်ချုပ်မှုအောက်ရှိ တက္ကသိုလ်များ၌ ဝန်ကြီးဌာနမှ ဝန်ထမ်းများအား ဘာသာရပ်ဆိုင်ရာ သင်တန်းများတွင် ပညာသင်များအဖြစ် တက်ရောက်နိုင်ရေးကိစ္စများ အပါအဝင် တိုင်းရင်းသားရေးရာကိစ္စများအတွက် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပြခန်းများဖြင့် ခင်းကျင်းပြသ**

တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းအနေဖြင့် တစ်နေရာတည်းတွင် တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများကို သိရှိနိုင်စေရန် ဝန်ကြီးဌာန ရုံးအမှတ်(၁၄)၌ တိုင်းရင်းသားလူမျိုးစု ၅၀ ၏ ဝတ်စားဆင်ယင်မှုများနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများကို ပြခန်းများဖြင့် ခင်းကျင်းပြသ ဆောင်ရွက်နိုင်ခဲ့ပါ ကြောင်း။

တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော လူမျိုးစုတို့၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှု၊ လူနေမှုဘဝပုံစံများ၊ ကိုးကွယ်ယုံကြည်မှုများ၊ ပွဲတော်များကို ကွင်းဆင်းမှတ်တမ်းတင်လျက်ရှိရာ "ထနော့" တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာဓလေ့များကို Documentary ရုပ်သံမှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း။

တိုင်းရင်းသားများအား လေ့လာရေးဖိတ်ကြားခြင်းနှင့် တွေ့ဆုံမှုပြုခြင်းအနေဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ကချင်၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ တအာင်း၊ လီဆူ လူမျိုးများနှင့် ရခိုင်ပြည်နယ်မှ ရခိုင်၊ ခမီ၊ မြို၊ သက်၊ မရမာကြီး၊ ဒိုင်းနက်၊ အရှိုချင်းနှင့် မင်းပြား၊ မြေပုံ၊ ရမ်းဗြဲဒေသများမှ ချင်းလူမျိုးများပါဝင်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ နေပြည်တော်သို့ လေ့လာရေးခရီးစဉ် ပထမအကြိမ်အဖြစ် ဖိတ်ခေါ်ခဲ့ပါကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းအပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးရှိ ဆလုံတိုင်းရင်းသားများအတွက် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေကျပ် ၆၁၆ သိန်းဖြင့် ဆန်နှင့် ငါးဖမ်းလှေငယ်များ ထောက်ပံ့နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနက Focal အဖြစ်တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်ရှိ ခမီ၊ မြို၊ ဒိုင်းနက်တိုင်းရင်းသားလူမျိုးများနေထိုင်ရာ ဒေသများ၌ သောက်သုံးရေကန် အသစ်တူးဖော်နိုင်ရေး၊ သောက်သုံးရေကန်ဟောင်း ပြန်လည်တူးဖော်ပေးနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ညှိနှိုင်းပေးခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၁၆ ခုနှစ် မိုရာမုန်တိုင်းကြောင့် ပျက်စီးခဲ့သော ဆေးပေးခန်းများ ပြန်လည်ဆောက်လုပ်ပေးနိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ညှိနှိုင်းခဲ့ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်ပေးမည်ဖြစ်ပြီး ယခုအခါ သိန်း ၂၀ ကုန်ကျခံ၍ ယာယီပြုပြင်ထားပြီး ဖြစ်ပါကြောင်း။

ကရင်ပြည်နယ် ဘားအံမြို့နယ် ခရားအတွင်းရွာ အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ဆောင် မလုံလောက်သည့်အတွက် တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး)စာရင်းတွင် ပေ (၁၂၀ × ၃၀)



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး

RCC တစ်ထပ်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ရန် မြို့နယ်ဦးစားပေးအစီအစဉ်အရ ပညာရေးဝန်ကြီးဌာနက ထည့်သွင်းလျာထားပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်၊ ပုသိမ်ခရိုင်နှင့် မအူပင်ခရိုင်တို့အတွင်း ကျေးရွာပေါင်း ၃၀ ခန့် (NEP နှင့် ၁၀ မိုင်ကျော် ကွာဝေးသည့်ကျေးရွာများ)တွင် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်၏ အထောက်အပံ့ဖြင့် ဆိုလာပြားများ တပ်ဆင်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေမူကြမ်းအပေါ် သုံးသပ်ညှိနှိုင်းဆွေးနွေးပွဲ ကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်များ၌ မင်္ဂလာသီရိဟိုတယ်တွင် တတိယအကြိမ် ကျင်းပခဲ့ပါကြောင်း။

နည်းဥပဒေမူကြမ်းအပေါ် ဝန်ကြီးဌာန၏ ဥပဒေဆိုင်ရာအကြံပေးအဖွဲ့မှ အတည်ပြုရေးဆွဲခဲ့ပြီး ဝန်ကြီးဌာန၏ ဌာနအကြီးအကဲများက စိစစ်သုံးသပ်ကာ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး သဘောတူပါက ပြည်ထောင်စု အစိုးရအဖွဲ့ထံသို့ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်းအပိုင်းတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေပါ အကြောင်းအရာများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုင်းရင်းသားများအား ရှင်းလင်းတင်ပြခြင်း၊ အသိပညာပေးခြင်း ဆောင်ရွက်မှုများနှင့်အတူ တိုင်းရင်းသားရေးရာ အခြေခံအချက်များ ကောက်ယူခဲ့ရာ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၆၁ ကြိမ် ပြုလုပ်ရန်လျာထားရာ၌ ၅၅ ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း။

**မဟာဗျူဟာရေးဆွဲ**

တိုင်းရင်းသားရေးရာ အခြေခံအချက်အလက်များနှင့် စစ်တမ်းကောက်ယူမှုများအရ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၁၉-၂၀၂၈ ရေးဆွဲပြီး တိုင်းရင်းသားအခွင့်အရေးဆိုင်ရာများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၁၉-၂၀၂၈ တွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ မျိုးနွယ်စုအမည် မှန်ကန်စွာမှတ်တမ်းပြုရေး၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ ကာကွယ်ရေး၊ ကျားမတန်းတူရေး၊ လူငယ်ရေးရာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ထိန်းသိမ်းရေး၊ ပျောက်ကွယ်လုနီးပါးဖြစ်သော တိုင်းရင်းသားမျိုးနွယ်စုများ တည်တံ့ခိုင်မြဲရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ စီမံကိန်းများ ဆောင်ရွက်ရာ၌ ဒေသခံများအား ကြိုတင်ညှိနှိုင်းရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံများပါဝင်ရေး၊ ဆေးဖက်ဝင်အပင်များထိန်းသိမ်းရေး၊ အငြင်းပွားမှုဖြေရှင်းရေး၊ ပဋိပက္ခဖြစ်ပွားမှုလေ့လာဆန်းစစ်ရေး စသည့် ကဏ္ဍများ ပါဝင်ပါကြောင်း။

ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့် တိုင်းရင်းသားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ရာ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ်များ ဆောက်လုပ်သွားမည်၊ ဝန်ထမ်းအင်အား ဖြည့်တင်းခန့်ထားရေး ဆောင်ရွက်သွားမည်၊ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေ သင်ကြားမည့် သင်ကြားရေးအထောက်အကူပြု Teaching Assistant နှင့် တိုင်းရင်းသားဘာသာတတ်ကျွမ်းသော ဘာသာစကားသင် ဆရာ ဆရာမ Language Teacher များ ခန့်ထားနိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်၊ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်သော တိုင်းရင်းသားမျိုးနွယ်စုများ Documentary များ မှတ်တမ်းတင် ရိုက်ကူးနိုင်ရေး ဆောင်ရွက်သွားမည်၊ မူလတန်းကြို KG တန်းများအတွက် တိုင်းရင်းသားကလေးငယ်များ စာသင်ကြားရာ၌ အထောက်အကူဖြစ်စေရန် တိုင်းရင်းသားရိုးရာပုံပြပုံပြင်စာအုပ်များ ထုတ်ဝေဖြန့်ချိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် နွေရာသီကာလ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေသင်ကြားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေအကြောင်းအရာများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုင်းရင်းသားများအား ရှင်းလင်းတင်ပြခြင်း၊ အသိပညာပေးခြင်း ဆောင်ရွက်မှုများနှင့်အတူ တိုင်းရင်းသားရေးရာ အခြေခံအချက်များ ကောက်ယူမှုများ ဆက်လက်ဆောင်ရွက်သွားမည်၊ တိုင်းရင်းသားကျေးရွာ (ရန်ကုန်) ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လွှဲပြောင်းလက်ခံရယူပြီး Focal Ministry အဖြစ် ဆောင်ရွက်သွားပါမည်၊ တိုင်းရင်းသားရေးရာ အခြေခံအချက်အလက်များနှင့် စစ်တမ်းကောက်ယူမှုများအရ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၁၉-၂၀၂၈ ခုနှစ်ရေးဆွဲပြီး တိုင်းရင်းသားအခွင့်အရေးဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အားပေးကူညီ**

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တိုင်းရင်းသားရေးရာကိစ္စများ ပူးပေါင်းဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးနိုင်ရေးဆောင်ရွက်သွားမည်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ တိုင်းရင်းသားလုပ်ငန်းရှင်အသင်းများ ဖွဲ့စည်းသွားမည်၊ တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်အခမ်းအနားများ ကျင်းပခြင်းကို အားပေးကူညီမှုများ ဆောင်ရွက်သွားမည်၊ တိုင်းရင်းသားများအား လေ့လာရေးခရီးစဉ်များကို ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ခေတ္တအတွင်းရေးမှူး ဦးထွန်းထွန်းဝင်းက ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီအနေဖြင့် နိုင်ငံတော်အစိုးရ ပထမ (၁)နှစ်တာကာလ၊ ဒုတိယ (၁)နှစ်တာကာလနှင့် တတိယ (၁)နှစ်တာကာလတို့တွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ ဆည်မြောင်း၊ ရေတွင်း၊ ရေကန်၊ လျှပ်စစ်မီးလင်းရေးနှင့် အခြားဒေသဖွံ့ဖြိုးရေးကဏ္ဍများကို ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ၊ နေပြည်တော်ကောင်စီ ရန်ပုံငွေနှင့် ဒေသအစီအစဉ်အလှူရှင်များ၏ ဆောင်ရွက်မှု စသည်ဖြင့်လည်းကောင်း လုပ်ငန်းပေါင်း ၄၇၀၃ ခုကို ငွေကျပ်သန်းပေါင်း ၁၇၄၈၈၅ ဒသမ ၅၁၁ သန်း သုံးစွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်း၊ တံတားကဏ္ဍ၊ ဆည်မြောင်းကဏ္ဍ၊ မီးလင်းရေးကဏ္ဍ၊ ရေရရှိရေးကဏ္ဍနှင့် အခြားဒေသဖွံ့ဖြိုးရေးကဏ္ဍ စသည့် လုပ်ငန်းပေါင်း ၁၈၈၀ ကို တန်ဖိုးငွေကျပ် ၉၀၇၈၈ ဒသမ ၇၀၉ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပညာရေးကဏ္ဍတွင် တတိယ(၁)နှစ်တာကာလအတွင်း မြို့နယ်(၈)မြို့နယ်တွင် လုပ်ငန်းပေါင်း ၁၀၆ ခုကို ငွေကျပ်သန်းပေါင်း ၅၄၉၂ ဒသမ ၆၇၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ တတိယ(၁)နှစ်တာကာလတွင် မူလတန်းကျောင်းခွဲမှ အထက်တန်းကျောင်းအထိ

စာမျက်နှာ ၁၀ သို့ »»

»» စာမျက်နှာ ၉ မှ
ကျောင်းပေါင်း ၉၇ ကျောင်းအား အဆင့်တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ခွင့်ပြုသည့် ဆရာ ဆရာမ အင်အား ၈၁၁၃ ဦးအနက်မှ ၇၇၈၉ ဦးကို ပညာသင်နှစ်အလိုက် ခန့်အပ်နိုင်ခဲ့ပါကြောင်း၊ ဆရာ ဆရာမနှင့် ကျောင်းသားအင်အားအချိုးမှာ အထက်တန်း ၁ အချိုး ၂၃၊ အလယ်တန်း ၁ အချိုး ၂၅ နှင့် မူလတန်း ၁ အချိုး ၃၁ ဖြစ်ပါကြောင်း။ ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း စုစုပေါင်း ကျန်းမာရေးကဏ္ဍလုပ်ငန်းပေါင်း ၂၆ ခုကို ငွေကျပ် ၁၈၁၀ ဒသမ ၅၆၈ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူ့ဆေးရုံ ၁၁ ရုံတွင် ဆရာဝန် ၁၅၇ ဦး၊ သူနာပြု ၇၁၁ ဦး ခန့်အပ်ထားရှိပြီး ဆရာဝန်နှင့် လူဦးရေ အချိုးမှာ ၁ အချိုး ၇၆၀၀၊ သူနာပြုနှင့် လူဦးရေ အချိုးမှာ ၁ အချိုး ၃၄၈၉ ဖြစ်ပါကြောင်း။

**အကောင်အထည်ဖော်ဆောင်ရွက်**

လမ်းတံတားကဏ္ဍတွင် နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း လမ်းတံတားကဏ္ဍလုပ်ငန်းပေါင်း ၈၇၁ ခုကို ငွေကျပ်သန်းပေါင်း ၃၄၃၅၃ ဒသမ ၂၅၃ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

ဆည်မြောင်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း လုပ်ငန်းပေါင်း ၁၈၀ ခုကို ငွေကျပ်သန်းပေါင်း ၉၄၅၄ ဒသမ ၂၅၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆင်သေလက်ဝဲမြောင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၃၀၆၄ ဒသမ ၁၂၁ သန်းဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခြောက်လတာကာလနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၄၄၉၁ ဒသမ ၅၅၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးပါက ဆည်ရေသောက်ဧရိယာ ၆၈၄၆ ဧကကို စိုက်ပျိုးရေဖူလုံစွာပေးဝေနိုင်မည့်အပြင် လယ်မြေ ၉၅၅ ဧကကိုလည်း ထပ်မံရေပေးဝေနိုင်မည်ဖြစ်ပါကြောင်း။

လျှပ်စစ်မီးလင်းရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း လုပ်ငန်းပေါင်း ၂၀၆ ခုကို ငွေကျပ်သန်းပေါင်း ၁၅၂၃၇ ဒသမ ၁၂၉ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ရေရရှိရေးကဏ္ဍတွင်လည်း နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း လုပ်ငန်းပေါင်း ၁၂၇ ခုကို ငွေကျပ်သန်းပေါင်း ၆၅၄၀ ဒသမ ၇၉၄ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အခြားဖွံ့ဖြိုးရေးကဏ္ဍများတွင် နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း လုပ်ငန်းအရေအတွက် ၃၆၄ ခုကို ငွေကျပ်သန်းပေါင်း ၁၇၉၀၀ ဒသမ ၀၃၆ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**အသုံးပြုနိုင်ရေး ခွင့်ပြုပေးနိုင်ခဲ့**

မြေယာကိစ္စရပ်များ စီမံခန့်ခွဲဆောင်ရွက်နိုင်မှုနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ ပထမ(၁)နှစ်တာကာလတွင် တောင်သူ ၂၃ ဦးအတွက် ၅၈ ဒသမ ၅၅ ဧကကိုလည်းကောင်း၊ ဒုတိယ(၁)နှစ်တာကာလတွင် တောင်သူ ငါးဦးကို ၁၀ ဒသမ ၈၆ ဧကနှင့် တတိယ(၁)နှစ်တာကာလတွင် တောင်သူ ၃၁ ဦးကို ၇၂ ဒသမ ၅၅ ဧကကိုလည်းကောင်း လယ်ယာမြေနှင့် အခြားနည်းအသုံးပြုနိုင်ရေးခွင့်ပြုပေးနိုင်ခဲ့ပါကြောင်း။


ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကို


ခေတ္တအတွင်းရေးမှူး ဦးထွန်းထွန်းဝင်း

လုံခြုံရေးကဏ္ဍတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မှုခင်းဖြစ်ပွားမှုအခြေအနေမှာ နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း အမှုကြီး ၁၀မျိုးဖြစ်ပွားမှု ၈၃ မှု ဖြစ်ပွားခဲ့ပြီး ဖြစ်ပွားမှုအများဆုံး အမှုများမှာ လူသတ်မှုနှင့် မုဒိမ်းမှုများဖြစ်ပါကြောင်း။

အခြားအမှု ၁၀မျိုး ဖြစ်ပွားမှုမှာ ၂၀၉၂ မှု ဖြစ်ပွားခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၁၆ ခု တိုးလာခဲ့ပါကြောင်း။

ကြိုကာမှု ၁၀ မျိုး ဖြစ်ပွားမှုမှာ ၁၉၂၄ မှု ဖြစ်ပွားခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၇၄၁ ခု လျော့ကျခဲ့ပါကြောင်း။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကဏ္ဍအလိုက် နှစ်စဉ်စီမံကိန်းလျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် လူတစ်ဦးချင်း ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ယာယီစာရင်းအရ ၁၅၄၀၇၀၆ ကျပ်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ၁၆၂၆၆၃၉ ကျပ် ရရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ဝန်ဆောင်မှုပေး**

ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ဆောင်ရွက်မှုအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်တွင် ဖွင့်လှစ်ထားသော ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) များမှ နိုင်ငံတော်အစိုးရ ပထမ(၁)နှစ်တာကာလအတွင်း လုပ်ငန်းဝန်ဆောင်မှုပေးနိုင်မှု ၃၂၇၂၁ ခုဖြစ်ပြီး ဒုတိယ(၁)နှစ်တာအတွင်း ဝန်ဆောင်မှုပေးနိုင်မှုမှာ ၃၁၁၆၀ ခုနှင့် တတိယ (၁)နှစ်တာကာလအတွင်းမှာ ၃၁၇၅၈ ခုကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပါကြောင်း။

သဘာဝဘေးကယ်ဆယ်ရေးအနေဖြင့် သဘာဝဘေးဖြစ်ပွားမှု ၁၇၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ငွေကျပ် ၁၄၄ ဒသမ ဝ၃ သန်း ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

စိုက်ပျိုးရေးအပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးစပါးမျိုး ၁၃ မျိုးကို ၁၇၁၅၁၄ ဧက၌ စိုက်ပျိုးခဲ့ပြီး ၁၇၁၀၇၅ ဧက ရိတ်သိမ်းခဲ့ကာ စပါးအထွက်နှုန်းမှာ ၁ ဧကလျှင် ၈၄ ဒသမ ၃၇ တင်းထွက်ရှိခဲ့ပါကြောင်း၊ နွေစပါးမျိုးကွဲအလိုက် စိုက်ပျိုးမှုမှာ ၂၁၅၁၆ ဧကဖြစ်ပြီး ဒေသဝမ်းစာဖူလုံမှုအနေဖြင့် ဆန်ဖူလုံမှုမှာ ၁၀၄ ဒသမ ၄၈ ရာခိုင်နှုန်း၊ ဆီဖူလုံမှုမှာ ၁၁၉ ဒသမ ၅၂ ရာခိုင်နှုန်းနှင့် ပဲဖူလုံမှုမှာ ၃၈၇ ဒသမ ၆၉ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

မွေးမြူရေးအနေဖြင့် နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း နိုင်ငံတော်ထောက်ပံ့ငွေနှင့် မြစိမ်းရောင် (အသားကဏ္ဍ)၊ မျိုးကောင်းမျိုးသန့် မွေးဘဏ်စနစ်တို့ဖြင့် ကျေးရွာသုံးရွာတွင် နွားအကောင်ရေ ၆၀၊ ဝက်အကောင်ရေ ၆၀၀ အား ငွေကျပ်သန်း ၉၀ ဖြင့် မွေးမြူဆောင်ရွက်ခဲ့ပါကြောင်း။

**ထုတ်လုပ်ဖြန့်ဖြူး**

ဒေသအတွင်း ငါးမွေးမြူထုတ်လုပ်မှုအနေဖြင့် ငါးမျိုးခွဲပေါင်း ၁၁ မျိုးကို ငါးမျိုးကောင်ရေ သိန်းပေါင်း ၄၀၀ ဒသမ ၃၈၅ သိန်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါကြောင်း။

တရားမဝင်သစ်ဖမ်းဆီးရရှိမှုအနေဖြင့် သစ်လုံး၊ သစ်ခွဲသား၊ သစ်တိုင် စုစုပေါင်း ၇၀၁ ဒသမ ၂၁၂၈ တန် ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ ပုဂ္ဂလိက (ကျွန်း/သစ်မာ) စိုက်ခင်းတည်ထောင်ပြီးစီးမှုစာရင်းမှာ ကျွန်း ၅၁၆ ဒသမ ၈ ဧက၊ သစ်မာ ၁၅၀၀ ဒသမ ၅၀ ဧက စုစုပေါင်း ၂၀၁၇ ဒသမ ၃ ဧက တည်ထောင်နိုင်ခဲ့ပါကြောင်း၊ ဒေသအစုအဖွဲ့ပိုင်သစ်တောတည်ထောင်မှုအနေဖြင့် ၁၄၄ ဖွဲ့ကို ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ၄၈၅၄ ဒသမ ၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုနယ်မြေ နယ်မြေအတွင်း (မြို့တွင်း) ယာဉ်လိုင်းပြေးဆွဲမှုအနေဖြင့် အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း ရွှေပြည်သစ်ယာဉ်လိုင်းမှ ၁၀၃ စီး၊ ရွှေအောင်လံယာဉ်လိုင်းမှ ၃၅ စီး၊ ရွှေသပြေယာဉ်လိုင်းမှ ၅၃ စီးနှင့် နေပြည်တော်အဆင့်မြင့်ယာဉ်လိုင်းမှ ၁၉ စီး စုစုပေါင်းယာဉ်လိုင်း လေးလိုင်းတို့မှ ယာဉ်စီးရေ၂၁၀ တို့ဖြင့် ပြေးဆွဲလျက်ရှိပြီး မူလပြေးဆွဲနေသော ယာဉ်လိုင်းများမှ တော်ဝင်ယာဉ်အသင်းသည် မြို့တွင်းကြီးကြပ်မှုအောက်၌ ပြေးဆွဲခြင်းမရှိသည့်အပြင် ရွှေမြို့တော်ယာဉ်အသင်းအနေဖြင့်လည်း ယာဉ်လိုင်းဖျက်သိမ်းသွားခဲ့ပြီးဖြစ်ပါကြောင်း၊ ခရီးသယ်ပို့ဆောင်ရေး(အဝေးပြေး) အနေဖြင့် နေပြည်တော်နှင့် အခြားပြည်နယ်/တိုင်းဒေသကြီးအပါအဝင် ယာဉ်စီးရေ စုစုပေါင်း ၁၅၅၅ စီးဖြင့် ပြေးဆွဲလျက်ရှိပါကြောင်း။

နေပြည်တော်ကောင်စီ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆက်လက်လုပ်ကိုင်ရမည့် လုပ်ငန်းများအနေဖြင့် လုပ်ငန်းခေါင်းစဉ်ကြီး ခြောက်ခုတွင် လုပ်ငန်းပေါင်း ၅၉၅ ခုအတွက် ငွေကျပ်သန်းပေါင်း ၈၉၆၈၀ ဒသမ ၁၉၀ သန်း ခွင့်ပြုချထားပေးပြီးဖြစ်သည့်အတွက် ညွှန်ကြားချက်များနှင့်အညီ စံချိန်စံညွှန်းကိုက်ညီအောင် ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် လာမည့်ဘဏ္ဍာနှစ်များတွင်လည်း ပြည်သူများအကျိုးဖြစ်ထွန်းစေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆက်လက်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ဆက်လက်၍ တက်ရောက်လာကြသည့် သတင်းမီဒီယာများက အခြေခံပညာအဆင့် စာမေးပွဲများကို လာမည့်နှစ်၌ မတ်လတွင် ကျင်းပသွားမည့်ကိစ္စ၊ အဆင့်မြင့်ပညာကဏ္ဍတွင် အဝေးသင်ဝိဇ္ဇာတန်းများ ဖွင့်လှစ်နေမှု၊ အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများ ရေးဆွဲနေမှုအခြေအနေ၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂဆောက်လုပ်မည့် အစီအစဉ်၊ တိုက်ပွဲရှောင်စခန်းများရှိ ကလေးများ ပညာသင်ကြားရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံ၊ သင်ရိုးသစ်အတွက် ဖွင့်လှစ်သည့် သင်တန်းများတွင် ဆရာ ဆရာမများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများ၊ ဝန်ထမ်းများ ရာထူးတိုးမြှင့်ခြင်းနှင့် အပြောင်းအရွှေ့ဆောင်ရွက်နေမှုလုပ်ငန်းစဉ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည့် တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဘဏ္ဍာငွေရရှိမှု၊ နေပြည်တော်ကောင်စီနယ်မြေတွင် မိုးရာသီရေကြီးနစ်မြုပ်မှုများ မဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ နေပြည်တော်တွင် ကျူးကျော်နေထိုင်သူများကို ဖြေရှင်းဆောင်ရွက်နေမှု၊ နေပြည်တော်သာယာလှပရေးအတွက် ပန်းအဝိုင်းများအား ပြင်ဆင်ဆောင်ရွက်နေမှု၊ နေပြည်တော်ကောင်စီတွင် သတင်းရယူခွင့် မြန်ဆန်သွက်လက်ရေးအစီအမံ၊ လေလွင့်ကလေးများ ထိန်းသိမ်းပျိုးထောင်ပေးမည့်အစီအစဉ်၊ နေပြည်တော်တွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နေပြည်တော်တွင် တရားဝင် ဂရန်လျှောက်ထားမှု၊ နေပြည်တော် ရှစ်မြို့နယ်တွင် စိမ်းလန်းစိုပြည်ရေးအတွက် သုံးစွဲသည့် ဘဏ္ဍာငွေ၊ နေပြည်တော်ကို Green City အဖြစ် ဖော်ဆောင်လျက်ရှိသည့်အခြေအနေ၊ ရေပန်းဥယျာဉ် အဆင့်မြှင့်တင်ရေး တင်ဒါခေါ်ယူမှုအခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**မျိုးဝင်းကျော်**



# သောကြာဦးမောင်ကလေး

## ကာတွန်းရွှေမင်းသား



စာပေနယ်တွင် ထုတ်ဝေသည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် လူနာမည်တွဲလျက် အလွယ်ခေါ်ခဲ့သော သင်္ကေတအမှတ်အသားများ ရှိခဲ့ဖူးပါသည်။

ရှုမဝဦးကျော်၊ ဗမာ့ခေတ်ဦးအုန်းခင်၊ ကြေးမုံဦးသောင်း၊ အထောက်တော်လှအောင်၊ သမာဓိရှင်လုံး၊ ထွန်းနေ့စဉ် ဦးထွန်းဖေ ယခုလည်း “သောကြာ ဦးမောင်ကလေး” သောကြာစာစောင်ထုတ်ဝေခဲ့သည့် ဦးမောင်ကလေး ဖြစ်ပါသည်။

သောကြာစာစောင်ထုတ်ဝေသူမဖြစ်မီ ဗမာဒိုင်ဂျက်၊ မေ့တွက်တာနှင့် မေမဂ္ဂဇင်းတို့တွင် အယ်ဒီတာနှင့် ထုတ်ဝေသူ ဖြစ်ခဲ့ပါသေးသည်။ ရှုမဝမဂ္ဂဇင်းတွင် စာပြင်ဆရာဘဝ၊ သင့်ဘဝမဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ ပခုက္ကူခရိုင် မြစ်ခြေဇာတိ (ညောင်ဦးတစ်ဖက်ကမ်း)ဖြစ်သည်။

စာရေးဆရာ၊ ပန်းချီဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာများနှင့် ရင်းနှီးမှုကို ရှုမဝမဂ္ဂဇင်းတွင် ကြိမ်ဖန်များစွာ ဆုံတွေ့ကာ ရှုမဝပိုင်းတော်သားတစ်ဦး ဖြစ်လာခဲ့သည်။ အောင်စွာ ကလောင်နာမည်နှင့် ဆောင်းပါးများလည်း ရေးသားခဲ့သည်။

၁၉၅၇ ခုနှစ် ဧပြီလတွင် ဆရာအောင်ဗလ (ကြေးမုံဦးသောင်း)က ကြေးမုံသတင်းစာကို စတင်ထုတ်ဝေခဲ့သည်။ အလျဉ်းသင့်၍ ထိုစဉ်က ကြေးမုံသတင်းစာထုတ်ဝေရန် ရှယ်ယာပါဝင်ခဲ့ကြသော စတင်တည်ထောင်သူများမှာ ကြေးမုံဦးသောင်း(အောင်ဗလ)၊ ဦးသိန်း (ဆရာဇဝန)၊ ဦးသော်(ကြေးမုံအုပ်ချုပ်ရေးမှူး)၊ ဦးသန်းထွန်း၊ ဒေါ်အမာ(ဦးပွင့်ကောင်း၏ဇနီး)၊ ဒေါ်သန်းတင်(ဦးသောင်း၏ယောက္ခမ)၊ ဒေါ်ခင်မိ (ဦးသောင်း၏တူမ)နှင့် ဦးကြည်ဝင်းလှိုင်(မွန်စံလှိုင်၏သား) ရှစ်ဦး ဖြစ်ပါသည်။

သောကြာသားလေးဦး ပေါင်းစုမိသဖြင့် သောကြာစာစောင်ထုတ်ဝေခဲ့ခြင်း ဖြစ်နိုင်ကောင်းပါသည်။ နောက်ရင်းပြောင်းရင်း ရယ်ပွဲဖွဲ့ခဲ့ကြသည်မှာ သောက်လို့ကြာတာလား၊ ကြာကြာသောက်လို့ ကောင်းတာလားဟု ကြားခဲ့ရဖူးပါသည်။

သောကြာစာစောင်ကို ကြေးမုံသတင်းစာတိုက်မှ ဆရာဇဝနဦးဆောင်၍ ဆရာစိန်ခင်မောင်ရီနှင့် တွဲဖက်ကာ ဦးတင်ထွေးက ဖောင်ကိုင်အယ်ဒီတာ(စာမူတောင်း၊ ကာတွန်းသရုပ်ဖော်ပုံအပ်၊ ဒန်ဘီချ၊ ဖောင်ကိုင်) အဖြစ် တာဝန်ယူခဲ့သည်။ ဦးဖေသိန်း၊ ဦးအောင်ရှိန်၊ ဦးမောင်စိန်၊ မင်းထွတ်၊ ဦးဘထွေး၊ ဦးဟိန်စွန်းတို့ ကာတွန်းရေးဆွဲခဲ့ကြသည်။

ကြေးမုံသတင်းစာကိုလူကြိုက်များကာ ကောင်းသတင်းလူချင်းဆောင်ခြင်းကြောင့် စောင်ရေများတိုးတက်ကာ သတင်းထောက်များ၊ အယ်ဒီတာများ နေ့၊ ညမအား ကြိုးစားခဲ့ကြသည်။ ဆရာဇဝန၊ ဆရာစိန်ခင်မောင်ရီနှင့် ဆရာဦးဝင်းတင်တို့ တက်ညီလက်ညီလှော်ခတ်ကာ ရေဆန်ခရီး၊ လေဆန်ခရီးတို့ကို ပျော်ပျော်ကြီး ဖြတ်ကျော်ခဲ့ကြသည်။ (ထိုစဉ်က ကြေးမုံတိုက် ကျောက်မြောင်းဈေးကပ်လျက်)

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီတက်လာပြီးနောက် ဆရာအောင်ဗလ(ကြေးမုံဦးသောင်း)က ဆရာဇဝန၊ ဆရာစိန်ခင်မောင်ရီတို့နှင့် တိုင်ပင်ကာ သောကြာစာစောင်ကို ငယ်သူငယ်ချင်း ဦးမောင်ကလေးအား အပြီးအပိုင်ပင် လွှဲပြောင်းပေးအပ်လိုက်ပါသည်။ ဆရာကြီး ကာတွန်းဘိုးအေကြီး ဦးဟိန်စွန်းကို ထိုလွှဲပြောင်းပေးအပ်ပွဲသို့ ခေါ်ယူထားသဖြင့် တိကျခိုင်လုံသောသတင်းဖြစ်ခဲ့သလို ဦးမောင်ကလေးက သောကြာစာစောင်ထုတ်ဝေရာတွင် ဆရာကြီး ကာတွန်းဦးဟိန်စွန်းကို အတိုင်ပင်ခံအယ်ဒီတာအဖြစ် ခန့်အပ်ပါသည်။

ဦးမောင်ကလေးမှာ သူငယ်ချင်းဖြစ်သူ မောင်သောင်းနှင့် ညောင်ဦးဆရာတော်ကျောင်းတွင် အတူနေခဲ့ရသူဖြစ်သည်။ တစ်နေ့ ဆရာတော်ပြင်ပသို့ ခရီးသွားခိုက် ဆရာတော်၏တူဖြစ်သူ ကလေးဘဝ ဆော့ကစားရာမှ မှားယွင်းသည့်ပြစ်မှုတစ်ခု ကျူးလွန်မိသည်။ ဆရာတော်ကျောင်းသို့ပြန်ရောက်ပြီး တိုင်ကြားသူရှိသဖြင့် အမှုပေါ်ပေါက်ကာ ကျောင်းသားအားလုံး အရိုက်ခံလိုက်ရသည်။ နောက်တစ်ဖန် ထပ်မံစစ်ဆေးရာ အခြားကျောင်းသားများ အရိုက်ခံရမည်ကိုကြောက်ကာ အမှန်အတိုင်း ဆရာတော့်တူ၏အပြစ်ကို မပြောဝံ့ကြ၍ လှီးလွှဲလျှောက်ထားကြ၏။

ကြေးမုံဦးသောင်းဖြစ်လာမည့် မောင်သောင်းမှာ မှန်ရာကိုသာ ပြန်လည်လျှောက်ထားမိ၍ ထပ်မံအရိုက်ခံရပြန်သည်။ ထိုသို့ သုံးကြိမ်တိတိအရိုက်ခံ၍ အမှန်ကိုသာ မကြောက်မရွံ့လျှောက်ထားခဲ့သည်။

သတင်းစာဆရာဖြစ်လာသော ဆရာအောင်ဗလ (ကြေးမုံဦးသောင်း)သည် ငယ်စဉ်ကတည်းက မှန်ရာပြောဝံ့သူဖြစ်ကြောင်း မဂ္ဂဇင်းတွင် မှတ်မှတ်ရရ ဂုဏ်ပြုရေးသားခဲ့ဖူးသည်။

ကာတွန်းဘိုးအေကြီးဦးဟိန်စွန်းကို နာယကထားကာ သောကြာစာစောင်မျက်နှာဖုံးကို ကာတွန်းဦးဖေသိန်းအား လစဉ်ရေးဆွဲပေးရန် အပ်နှံကာ အတွင်းတွင် ဦးအောင်ရှိန်၊ ဦးဘထွေး၊ ဦးဟိန်စွန်း ကာတွန်းများနှင့် ဝေဝေဆာဆာ ထုတ်ဝေလာသည်။ ဟာသစာမူများကို ကျွန်တော်သရုပ်ဖော်ပုံမရေးမီက ကာတွန်းမောင်မောင်သက်၊ ကာတွန်းလှတင်နှင့် ကာတွန်းတင်ထွတ်တို့က ရေးဆွဲပေးကြပါသည်။

ကာတွန်းမောင်မောင်သက်၏ အခြေခံပန်းချီရေးဆွဲနည်းစာအုပ်ကိုလည်း ထုတ်ပေးခဲ့သည်။

ကာတွန်းဆရာကြီး ဦးဟိန်စွန်း၊ စာရေးဆရာကြီး ဦးရန်အောင်တို့ကိုလည်း ဆွေမျိုးရင်းပမာ ဂါရဝထား လေးစားသမှုဖြင့် ဆက်ဆံခြင်းပြုသည်ကိုလည်း တွေ့ရကြုံရဆုံခဲ့ရဖူးပါသည်။ ကာတွန်းဦးဖေသိန်း မျက်စိခွဲရသည်မှစကာ ဆရာဦးသန်းကြွယ်၊ ကျွန်တော်နှင့် ကာတွန်းမြင့်သိန်းတို့ အဖုံးရေးဆွဲခွင့် ရခဲ့ကြသည်။

မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းမှ သက်ကြီးစာပေပညာရှင်ကန်တော့ပွဲတွင် စာရေးဆရာမောင်လင်းယုန်(ရှမ်းပြည်)၊ ဆရာမဒေါ်ခင်ဆွေဦးတို့နှင့်လည်းကောင်း၊ လယ်ယာစီးပွားဂျာနယ်မှ ဝါဆိုသင်္ကန်းကပ်လှူပွဲတွင်လည်း ဦးမြသိန်း(မြဝတီအယ်ဒီတာချုပ်ဟောင်း)နှင့်အတူ သောကြာဦးမောင်ကလေးကို ကန်တော့ခံပုဂ္ဂိုလ်အဖြစ် ငါးနှစ်မက ခြောက်နှစ်မျှ ဆုံခဲ့ရပါသည်။

သက်ကြီးစကား သက်ငယ်ကြား နားဝင်သာသည့် ဥပမာများနှင့် လိုက်နာဆောင်ရွက်စေရန် နီတိလေးများ ပြောကာ သွန်သင်ခဲ့သည်။ မှတ်သားနာယူခဲ့ရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှာ ဩဘာလမ်းရှိ ဓမ္မရက္ခိတဓမ္မာရုံ၌ ကန်တော့ခံမွေးနေ့ပွဲတွင် ၉၆ နှစ်ပြည့် သောကြာဦးမောင်ကလေးအား မေတ္တာဂုဏ်သီချင်းဖြင့် ဂါရဝပြု သီဆိုကန်တော့ခဲ့ပါသည်။

စာပေလောကကိုလည်း စေတနာရှိ၊ ထုတ်ဝေသူလောကတွင်လည်း နာမည်ကောင်းရှိခဲ့သူမို့လည်း ပခုက္ကူဦးအုံးဖေ၏ တစ်သက်တာစာပေဆုကို ထိုက်တန်စွာ ရခဲ့ပါပြီ။ ရန်သူမရှိ မိတ်ဆွေရှိ၊ မုန်းသူမရှိ ချစ်သူသာရှိခဲ့သော ကဗျာဆရာကြီး ဒဂုန်တာရာစကားနှင့် ညီညွတ်သူကား တမလွန်ဘဝသို့ ကူးပြောင်းသွားချေပြီတကား (ကာတွန်းဆရာ ဘဝ အားရပါးရ လေ့ကျင့်ကွင်းပေးသည့်ကျေးဇူးကို မမေ့ပါ) ကောင်းရာသုဂတိလားနိုင်ပါစေ။ ။

> **“၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီတက်လာပြီးနောက် ဆရာအောင်ဗလ (ကြေးမုံဦးသောင်း)က ဆရာဇဝန၊ ဆရာစိန်ခင်မောင်ရီတို့နှင့် တိုင်ပင်ကာ သောကြာစာစောင်ကို ငယ်သူငယ်ချင်း ဦးမောင်ကလေးအား အပြီးအပိုင်ပင် လွှဲပြောင်းပေးအပ်လိုက်ပါသည်။ ဆရာကြီး ကာတွန်းဘိုးအေကြီး ဦးဟိန်စွန်းကို ထိုလွှဲပြောင်းပေးအပ်ပွဲသို့ ခေါ်ယူထားသဖြင့် တိကျခိုင်လုံသောသတင်းဖြစ်ခဲ့သလို ဦးမောင်ကလေးက သောကြာစာစောင် ထုတ်ဝေရာတွင် ဆရာကြီး ကာတွန်းဦးဟိန်စွန်းကို အတိုင်ပင်ခံအယ်ဒီတာအဖြစ် ခန့်အပ်”**

# အောင်သပြေကျေးရွာ Alpha ဘိလပ်မြေစက်ရုံစီမံကိန်း၌ ကျေးရွာသားများ ဆန္ဒပြရာမှ ရုန်းရင်းဆန်ခတ်မှုဖြစ်ပွား

**မန္တလေး မေ ၁၅**

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ဒဟတ္တောကျေးရွာအုပ်စု အောင်သပြေကျေးရွာ၌ Alpha ဘိလပ်မြေစက်ရုံ စီမံကိန်းသို့ သွားရောက်သည့် အောင်သပြေ- သရက်ကိုင်းကျေးရွာချင်းဆက်လမ်းအား ပိတ်ဆို့ဆန္ဒဖော်ထုတ်မှုနှင့် ပတ်သက်၍ ယနေ့ နံနက် ၅ နာရီကျော်ခန့်တွင် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုင်းလှထူး ဦးစီးသောရဲတပ်ဖွဲ့ဝင်များက ဆန္ဒဖော်ထုတ်သည့်နေရာသို့ ရောက်ရှိပြီး ဝင်ရောက်ဖမ်းဆီးရာ ဆန္ဒဖော်ထုတ်သူများနှင့် အနီးရှိ အောင်သပြေကျေးရွာမှ ရွာသားများက ရဲတပ်ဖွဲ့ဝင်များအား လေးခွဖြင့်ပစ်ခတ်ခြင်း၊ တုတ်များဖြင့် ပြန်လည်ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ဆန္ဒဖော်ထုတ်သူများသည် မူလဆန္ဒဖော်ထုတ်သည့်နေရာမှ အောင်သပြေကျေးရွာဘက်သို့ ပြန်လည်ဆုတ်ခွာသွားပြီး နံနက် ၅ နာရီခွဲခန့်တွင် အောင်သပြေကျေးရွာအနီးရှိ Alpha ဘိလပ်မြေစက်ရုံစီမံကိန်း စက်ရုံအလုပ်သမားများ နားနေဆောင်သို့ ရောက်ရှိကာ လုံခြုံရေးဂိတ်တဲနှင့် အတွင်းရှိ ကား၊ ဆိုင်ကယ်တို့အား မီးရှို့ဖျက်ဆီးခဲ့ပြီး နံနက် ၉ နာရီခန့်တွင် ဆန္ဒဖော်ထုတ်သူများက ထပ်မံ၍ အလုပ်သမား နားနေဆောင်နှင့် အခြားပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့သောကြောင့် မန္တလေးမြို့မှ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**




# အရှေ့အလယ်ပိုင်းသို့ ကန်တပ်ဖွဲ့ဝင်များစေလွှတ်မည်ဆိုသည့်သတင်းမှာ မှားယွင်းကြောင်း သမ္မတထရန့်ဆို



**ဝါရှင်တန် မေ ၁၅**

အီရန်နိုင်ငံနှင့် သဘောထားတင်းမာမှုများ မြင့်တက်လာပါက အမေရိကန်အစိုးရအဖွဲ့အနေဖြင့် အရှေ့အလယ်ပိုင်းသို့ အမေရိကန်တပ်ဖွဲ့ဝင် ၁၂၀၀၀၀ စေလွှတ်ရန် စီစဉ်လျက်ရှိသည်ဆိုသည့် နယူးယောက်တိုင်းမ်သတင်းစာ၏ သတင်းဖော်ပြမှုအား အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ငြင်းဆန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

သမ္မတထရန့်က ယင်းသတင်းဖော်ပြမှုသည် မှားယွင်းကြောင်း မေ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

သတင်းတွင်ဖော်ပြခဲ့သည့်အတိုင်း အရှေ့အလယ်ပိုင်းဒေသသို့ တပ်ဖွဲ့ဝင်များအား စေလွှတ်ရန် စီစဉ်ထားခြင်းမရှိပါကြောင်းနှင့် အကယ်၍ စေလွှတ်မည်ဆိုပါက ယခုအရေအတွက်ထက် ပိုမိုသာလွန်သော တပ်ဖွဲ့ကို စေလွှတ်မည်ဖြစ်သည်ဟု သမ္မတထရန့်က ဆိုသည်။

အမေရိကန်အစိုးရအဖွဲ့၏ ကနဦးဆန်းစစ်လေ့လာချက်များအရ မေ ၁၂ ရက်တွင် ဆော်ဒီအာရေဗျ ရေနံတင်သင်္ဘောနှစ်စင်းအား တမင်တကာပစ်ခတ်တိုက်ခိုက်ခြင်းတွင် အီရန်နိုင်ငံ ပါဝင်ပတ်သက်လျက်ရှိသည်ဟု အမေရိကန် ဒေသန္တရ မီဒီယာများက သတင်းဖော်ပြကြသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရန်နိုင်ငံနှင့် စစ်မက်ဖြစ်ပွားရန် ကြိုးပမ်းခြင်းမရှိပါသော်လည်း အမေရိကန်နိုင်ငံ သို့မဟုတ် ၎င်း၏ မဟာမိတ်နိုင်ငံများအပေါ် ထိခိုက်နစ်နာမှုများ ပြုလုပ်ပါက ပြင်းထန်စွာ လက်တုံ့ပြန်မည်ဖြစ်ကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မိုဂါဒစ်ရှူးမြို့တွင် ကားဗုံးခွဲတိုက်ခိုက် ငါးဦး သေ၊ ကိုးဦး ဒဏ်ရာရ

**မိုဂါဒစ်ရှူး မေ ၁၅**

ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူးရှိ ဗာဟီဂလီခရိုင်မှ ရဲဌာနချုပ်ရုံးတွင် မေ ၁၄ ရက်က ကားဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ ငါးဦးထက်မနည်း သေဆုံးပြီး ကိုးဦး ဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ရုံး၌ အစားအစာများဝေငှနေစဉ် အဆိုပါ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အမည်ဖော်ပြခြင်းမရှိသည့် ရဲအရာရှိတစ်ဦးက ဆင်ဟွာသတင်းဌာနကို ပြောကြားသည်။

ပြည်သူများက လူသားချင်းစာနာထောက်ထားသည့် အထောက်အပံ့များရယူနေစဉ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ပြီး ယင်းဗုံးပေါက်ကွဲမှုကြောင့် လူငါးဦး သေဆုံးသည်ဟု မိမိတို့ အတည်ပြုနိုင်ကြောင်း အဆိုပါ ရဲအရာရှိက ပြောကြားသည်။

ယင်းနောက်ဆုံးတိုက်ခိုက်မှုကို ၎င်းတို့ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အယ်လ်ခိုင်ဒါအဖွဲ့၏ လက်အောက်ခံ အယ်လ်ရှာဘက်အုပ်စုက ကြေညာခဲ့သည်။

အယ်လ်ရှာဘက် အစွန်းရောက်စစ်သွေးကြွအုပ်စုသည် ဆိုမာလီနိုင်ငံတွင် မြို့အများအပြားကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။

ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ရုံးဝင်းအတွင်း၌ ရဲအရာရှိများ အစည်းအဝေးပြုလုပ်နေသည်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အယ်လ်ရှာဘက်အဖွဲ့က ပြောကြားသည်။

မြို့တော်မိုဂါဒစ်ရှူးတွင် စစ်သွေးကြွများ၏ တိုက်ခိုက်မှုဖြစ်ပေါ်ဖွယ်ရှိခြင်းကြောင့် ဆိုမာလီရဲတပ်ဖွဲ့က လုံခြုံရေးတပ်လှန့်မှုမြှင့်တင်ပြီး အဓိကကျသောလမ်းမများအား ပိတ်ဆို့မှုပြုလုပ်ထားစဉ်တွင် ယင်းသို့ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆိုမာလီနိုင်ငံ၏ မြို့တော်မိုဂါဒစ်ရှူးမှ အယ်လ်ရှာဘက်စစ်သွေးကြွများကို ၂၀၁၁ ခုနှစ်ကတည်းက ဖယ်ရှားနိုင်ခဲ့ပြီးသော်လည်း ယင်းအကြမ်းဖက်အုပ်စုမှာ တိုက်ခိုက်မှုများ ပြုလုပ်နေဆဲဖြစ်သည်။ ၎င်းတို့က ဆိုမာလီအစိုးရအဆောက်အအုံများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် အများပြည်သူဆိုင်ရာနေရာများကို ပစ်မှတ်ထားတိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိသည်။

**ဆင်ဟွာ**




# ဗင်နီဇွဲလားလွှတ်တော်အဆောက်အအုံကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝန်းရံပိတ်ဆို့

**ကာရာကတ်စ် မေ ၁၅**

ဗင်နီဇွဲလားသမ္မတ မာဒူရိုအစိုးရအဖွဲ့က လွှတ်တော်အဆောက်အအုံကို ပိတ်ဆို့မှုများပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဗင်နီဇွဲလားအစိုးရက မေ ၁၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို စေလွှတ်ကာ လွှတ်တော်အဆောက်အအုံအား အတင်းအကြပ် ပိတ်ဆို့စေခဲ့သည်။ လွှတ်တော်အဆောက်အအုံအတွင်း၌ ဖောက်ခွဲရေးပစ္စည်း ရှိနေဖွယ်ရှိသည်ဟု ရည်ညွှန်းပုံရ၍ ယင်းသို့ ပိတ်ဆို့ခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

လွှတ်တော်တွင် အတိုက်အခံအုပ်စုက လူများစုဖြစ်နေ၍ အစိုးရက လွှတ်တော်အဆောက်အအုံကို သိမ်းယူရန် ကြိုးပမ်းနေကြောင်း အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွါအီဒိုက ပြောကြားသည်။ လွှတ်တော်အမတ်များအနေဖြင့် အဆောက်အအုံအတွင်းသို့ ဝင်ရောက်ကြရန် ၎င်းကတိုက်တွန်းပြီး စစ်ဘက်တပ်ဖွဲ့ဝင်များအနေဖြင့် အစိုးရဆန့်ကျင်ရေး လူထုစုဝေးပွဲများ၌ ပူးပေါင်းကြရန် ၎င်းက တိုက်တွန်းသည်။

ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွါအီဒိုသည် ယခုနှစ် ဇန်နဝါရီလအတွင်းက မိမိကိုယ်ကိုယ် ကြားဖြတ်သမ္မတအဖြစ် ကြေညာခဲ့သည်။ စစ်ဘက်တပ်ဖွဲ့ဝင်များအနေဖြင့် အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုကို တိုးမြှင့်ပြုလုပ်ကြရန် မေလအတွင်း၌ ၎င်းက တိုက်တွန်းခဲ့သည်။ သို့သော် ဂွါအီဒို၏ အာဏာသိမ်းယူရန်ကြိုးပမ်းမှုမှာ အောင်မြင်မှုမရဘဲ ဗင်နီဇွဲလားသမ္မတ မာဒူရိုက အတိုက်အခံခေါင်းဆောင်အား ထောက်ခံခဲ့သည့် လွှတ်တော်အမတ်များနှင့် စစ်ဘက်အရာရှိများကို ဖမ်းဆီးခဲ့သည်။

ဗင်နီဇွဲလားသမ္မတ မာဒူရိုအား ရုရှားနှင့် တရုတ်နိုင်ငံတို့က ထောက်ခံအားပေးကြပြီး အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွါအီဒိုကို အမေရိကန်က ထောက်ခံမှုပေးထားသည်။ ဗင်နီဇွဲလားသမ္မတနှင့် အတိုက်အခံခေါင်းဆောင်တို့အကြား ထိပ်တိုက်ရင်ဆိုင်မှုအတွင်း အဖြေရှာမှုများ ပေါ်ထွက်လာခြင်း မရှိသေးပေ။

**အင်န်အိတ်ချ်ကေ**

# ဆူဒန်ဗိုလ်ချုပ်ကြီးများနှင့် ဆန္ဒထုတ်ဖော်ခေါင်းဆောင်များအကြား ဆွေးနွေးညှိနှိုင်းမှု အဆုံးသတ်




**ခါတွမ် မေ ၁၅**

ဆူဒန်ဗိုလ်ချုပ်ကြီးများနှင့် ဆန္ဒထုတ်ဖော်ခေါင်းဆောင်များအကြား သုံးနှစ်အတွင်း နိုင်ငံ၏အခွင့်အာဏာကို အုပ်ချုပ်စောင့်ရှောက်နိုင်မည့် အုပ်ချုပ်ရေးအဖွဲ့တစ်ရပ် ပေါ်ပေါက်လာစေရန် အပြန်အလှန်ညှိနှိုင်းဆွေးနွေးမှုသည် မေ ၁၅ ရက်တွင် အဆုံးသတ်မည်ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

အာဏာရှင် အိုမာ အယ်ဘာရှားအား ဖြုတ်ချခဲ့ပြီးနောက် ဆန္ဒထုတ်ဖော်ပြည်သူများက အရပ်သားအစိုးရ ပေါ်ပေါက်လာစေရန် ဆက်လက်တောင်းဆိုခဲ့ကြသည်။

ခါတွမ်မြို့ရှိ ကာကွယ်ရေးဌာနချုပ်ရုံး အပြင်ဘက်တွင် ဆန္ဒထုတ်ဖော်သူများနှင့် လုံခြုံရေးအရာရှိများအကြား အဓိကရုဏ်းဖြစ်ပွားမှုများကြောင့် လူခြောက်ဦး သေဆုံးခဲ့ပြီးနောက် ဆန္ဒထုတ်ဖော်ခေါင်းဆောင်များနှင့် ဗိုလ်ချုပ်ကြီးများအကြား အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့တစ်ဖွဲ့ ထွက်ပေါ်လာစေရန် ဆွေးနွေးမှုများ စတင်လုပ်ဆောင်ခဲ့သည်။

ဆန္ဒထုတ်ဖော်ခေါင်းဆောင်များနှင့် ဗိုလ်ချုပ်ကြီးများအကြား ဆွေးနွေးညှိနှိုင်းမှုသည် မေ ၁၅ ရက် ဒေသစံတော်ချိန် ည ၉ နာရီတွင် အဆုံးသတ်ဆွေးနွေးရမည်ဖြစ်သည်ဟု လွတ်လပ်မှုနှင့် ပြောင်းလဲမှုကိုလိုလားသော မဟာမိတ်အဖွဲ့မှ ခေါင်းဆောင် ခါလစ် အိုမာယူဆက်ဖ်က ပြောကြားခဲ့သည်။ ဆွေးနွေးမှု၏ ရလဒ်ထွက်ပေါ်မှုများကို သန်းခေါင်ယံအချိန်တွင် ကြေညာချက်ထုတ်ပြန်မည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆန္ဒထုတ်ဖော်သူများနှင့် ဗိုလ်ချုပ်ကြီးများသည် အရပ်သားအစိုးရအား ရွေးချယ်တင်မြှောက်ပြီး နိုင်ငံတော်၏ အခွင့်အာဏာကို လွှဲပြောင်းပေးအပ်ရန် ကနဦးသဘောတူညီခဲ့ကြသည်။ ယင်းသို့ အရပ်သားအစိုးရလက်သို့ အာဏာကုန်လွှဲပြောင်းပေးရန် သုံးနှစ်တာကာလ အပိုင်းအခြား သတ်မှတ်ရေးကိုလည်း သဘောတူညီခဲ့ကြကြောင်း သိရသည်။

ထို့ပြင် ပါလီမန်တွင် အမတ် ၃၀၀ ခန့်အပ်ထားရှိမည်ဖြစ်သည်။ ယင်းတို့အနက် လွတ်လပ်ရေးနှင့် ပြောင်းလဲမှုကို လိုလားသော မဟာမိတ်အဖွဲ့မှ ၆၇ ရာခိုင်နှုန်း နေရာရရှိမည်ဖြစ်ပြီး ကျန်အမတ်နေရာများကို အခြားသော နိုင်ငံရေးပါတီများက ရရှိမည်ဖြစ်သည်ဟု သဘောတူညီထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ကျေးလက်ဒေသမီးလင်းရေးဆောင်ရွက်မှုအခြေအနေ စင်ကာပူရိုက်ကူးရေးအဖွဲ့ မှတ်တမ်းရိုက်ကူး

**နေပြည်တော် မေ ၁၅**

စင်ကာပူနိုင်ငံမှ ငါးဦးပါ ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် မုံရွာမြို့နယ် အမှတ် (၁၀)ရပ်ကွက်နှင့် သားပြေးကျေးရွာတို့တွင် ကျေးလက်ဒေသမီးလင်းရေးကဏ္ဍမှ လျှပ်စစ်မီးရရှိမှုအခြေအနေကို မှတ်တမ်းရိုက်ကူးကြသည်။

**တွေ့ဆုံမေးမြန်းမှုများ ရိုက်ကူးခြင်းဖြစ်**

အဆိုပါအဖွဲ့သည် ကျေးလက်ဒေသမီးလင်းရေးကဏ္ဍအတွက် ထရန်စဖော်မာများ တင်သွင်းခွင့်ရရှိထားသော Hitachi Soe Electric & Machinery ကုမ္ပဏီလီမိတက်၏ ပထမဆုံး ထရန်စဖော်မာများ တပ်ဆင်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် လျှပ်စစ်မီးရရှိမှုအခြေအနေနှင့် လျှပ်စစ်မီးရရှိမှုကြောင့် ရပ်ရွာလူထုအနေဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာပြီး ပျော်ရွှင်နေမှုအခြေအနေကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ရွာလူထုအား တွေ့ဆုံမေးမြန်းမှုများ ရိုက်ကူးခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ မှတ်တမ်းရိုက်ကူးခြင်းကို ကျေးလက်ဒေသမီးလင်းရေးဆောင်ရွက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရပ်ရွာများအပြင် နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများတွင်လည်း ယခုလ ၁၃ ရက်မှ ၁၆ ရက်အတွင်း ရိုက်ကူးနေခြင်းဖြစ်ကြောင်း၊ မှတ်တမ်းရုပ်ရှင်အပါအဝင် ရုပ်ရှင်ဇာတ်ကားရိုက်ကူးရေးဆိုင်ရာ ဖြေလျှော့မှုများကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းပြီး ယခုနှစ် ဧပြီ ၁ ရက်မှ စတင်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ပြည်ပမှ ကုန်ပစ္စည်းထုတ်လုပ်မှု ကြော်ငြာရိုက်ကူးမှုများအပါအဝင် မှတ်တမ်းရိုက်ကူးမှုများနှင့် ရုပ်ရှင်ဇာတ်ကားကြီးများ လာရောက်ရိုက်ကူးမှုအရေအတွက်မှာ ပိုမိုများပြားလာကြောင်း သိရသည်။

**သတင်းစဉ်**



စင်ကာပူရိုက်ကူးရေးအဖွဲ့ မုံရွာမြို့ အမှတ်(၁၀)ရပ်ကွက်ရှိ ဒေသခံများအား တွေ့ဆုံမေးမြန်းနေစဉ်။

# ဂျပန်နည်းပညာဖြင့်တည်ဆောက်ခဲ့သည့် မြန်နှုန်းမြင့်ရထား ဗြိတိန်၌ စတင်ပြေးဆွဲ

**လန်ဒန် မေ ၁၅**

ဂျပန်နည်းပညာဖြင့် တည်ဆောက်ခဲ့သည့် မြန်နှုန်းမြင့်ရထားများအနက် ပထမဆုံးသော မြန်နှုန်းမြင့်ရထားမှာ ဗြိတိန်နိုင်ငံ၌ ပြေးဆွဲမှုစတင်ခဲ့ပြီဖြစ်သည်။ ဂျပန်ဘာသာဖြင့် အာဇူးမား (သို့မဟုတ်) အရှေ့ပိုင်းဟု အမည်ပေးထားသည့် အဆိုပါမြန်နှုန်းမြင့်ရထားမှာ လန်ဒန်မြို့တော်နှင့် ဗြိတိန်နိုင်ငံအလယ်ပိုင်းရှိ လိဒ်မြို့ကို ဆက်သွယ်ပေးမည်ဖြစ်သည်။




**စီးပွားဖြစ်ပြေးဆွဲ**

ဗြိတိန်အစိုးရ တာဝန်ရှိသူများနှင့် ဟီတာချီကုမ္ပဏီမှ တာဝန်ရှိသူများသည် လန်ဒန်မြို့တော်၌ ကျင်းပသည့် မြန်နှုန်းမြင့်ရထား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ မြန်နှုန်းမြင့်ရထား စီးပွားဖြစ်ပြေးဆွဲမှုကို ယနေ့ စတင်လိုက်ပြီဖြစ်သည်။ ဟီတာချီကုမ္ပဏီက ရထားကိုယ်ထည်ကို ဂျပန်နိုင်ငံအနောက်ပိုင်းရှိ ကုမ္ပဏီပိုင်စက်ရုံ၌ တည်ဆောက်ခဲ့ပြီး ဗြိတိန်နိုင်ငံ၌ တပ်ဆင်သည်။ အသစ်ဖွင့်လှစ်လိုက်သော အာဇူးမား မြန်နှုန်းမြင့်ရထားမှာ တစ်နာရီလျှင် အမြင့်ဆုံး ကီလိုမီတာ ၂၀၀ အထိ မောင်းနှင်နိုင်သည်။

မြန်နှုန်းမြင့်ရထားကို လန်ဒန်မြို့တော်မှ ကီလိုမီတာ ၉၃၀ ခန့်ကွာဝေးသော စကော့တလန်နိုင်ငံသို့ ပြေးဆွဲသွားမည်ဖြစ်သည်။ ခရီးသည်တင် ရထားတွဲများအတွင်း ဆူညံမှုလျော့နည်းစေရန် အာဇူးမား မြန်နှုန်းမြင့်ရထား တည်ဆောက်ရာတွင် ရှင်းကန်ဆန် ကျည်ဆန်ရထားနည်းပညာများကို အသုံးပြုခဲ့သည်ဟုဆိုသည်။ ဂျပန်နိုင်ငံ၏ အကောင်းဆုံးနည်းပညာကို အသုံးပြု၍ အရည်အသွေးမြင့် ထုတ်ကုန်တစ်ခုပံ့ပိုးပေးလိုကြောင်း ဟီတာချီကုမ္ပဏီက ပြောသည်။

ဟီတာချီကုမ္ပဏီသည် ဥရောပတိုက်ရှိ အကြီးမားဆုံးသော ရထားလမ်းစီမံကိန်းများအနက် တစ်ခုတည်ဆောက်ရန် အဆိုပြုလျက်ရှိသည်။ အဆိုပါစီမံကိန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၃၆၀ အထိ မောင်းနှင်နိုင်သည့် ရထားများဖြင့် လန်ဒန်မြို့တော်နှင့် ဗြိတိန်ရှိ အခြားမြို့တော်များကို ချိတ်ဆက်ပေးမည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# အီရတ်နှင့် ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင်များ ခြိမ်းခြောက်ခံနေရပြီ

**ဘဂ္ဂဒက် မေ ၁၅**

အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့တွင် ဖြန့်ကြက်ထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရန်နိုင်ငံအား ကျောထောက်နောက်ခံပေးသည့် ဒေသအတွင်းရှိ တပ်ဖွဲ့များ၏ ခြိမ်းခြောက်မှုများကြောင့် နီးနီးကြားကြား ရှိနေကြကြောင်း သိရသည်။

**အဆင့်တိုးမြှင့်ပေးခဲ့**


အမေရိကန်သည် အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့တွင် အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းရန် ဖြန့်ကြက်ထားသည့် ၎င်း၏တပ်ဖွဲ့ဝင်အားလုံးအတွက် တပ်ဖွဲ့၏ရပ်တည်ချက်ကို အဆင့်တိုးမြှင့်ပေးခဲ့ကြောင်း အမေရိကန်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ဘီးလ်အာဘန်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

**အနီးကပ်စောင့်ကြည့်လျက်ရှိ**

အမေရိကအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သည် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ စစ်နယ်ဝန်းအဆင့် ပေါင်းစည်းထားသည့် တိုက်ခိုက်ရေးတပ်ရင်းဖြစ်ပြီး အာဖရိကတိုက်တွင် အီဂျစ်နိုင်ငံအပါအဝင် အရှေ့အလယ်ပိုင်း၊ ဗဟိုအာရှ၊ အာဖဂန်နစ္စတန်နှင့် အီရတ်စသည့် နိုင်ငံတို့ရှိ အကြမ်းဖက်သမားများ နှိမ်နင်းရေးအတွက် တာဝန်အပ်နှင်းခြင်းခံရသည့် တပ်ရင်းဖြစ်သည်။

အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအပေါ် ခြိမ်းခြောက်မှုများနှင့်ပတ်သက်ပြီး စဉ်ဆက်မပြတ် အနီးကပ်စောင့်ကြည့်လျက်ရှိရာ အဆိုပါနိုင်ငံတို့တွင် ဖြန့်ကြက်ထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အဆင့်မြင့် သတိပေးနှိုးဆော်ချက်ကို ထုတ်ပြန်ထားကြောင်း အာဘန်က ဆက်လက်ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**



# မန္တလေးဆေးရုံကြီးတွင် အပူလျှပ်ဖြစ်ပွားသူလူနာ ၆၀ ခန့် ကုသမှုခံယူနေပြီး သေဆုံးသူ ခြောက်ဦးအထိ ရှိလာ

**မန္တလေး မေ ၁၅**

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် အပူရှိန်မြင့်မားမှုကြောင့် ဧပြီလ နောက်ဆုံးပတ်မှ မေ ၁၅ ရက်အထိ Heat Stroke (အပူလျှပ်) လူနာ ၅၇ ဦး တက်ရောက်ကုသမှုခံယူလျက်ရှိပြီး လက်ရှိကာလတွင် သေဆုံးသူခြောက်ဦး ရှိနေကြောင်း အဆိုပါဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာဇင်ဇင်ကျော်က ပြောသည်။

**ပိုမိုများပြားလာ**

မန္တလေးမြို့၏ နေ့အပူချိန်မှာ မေလဆန်းမှစ၍ ၄၀ ဒီဂရီစင်တီဂရိတ်အထက်တွင် ရက်ကြာရှည်စွာ ရောက်ရှိနေမှုကြောင့် Heat Stroke (အပူလျှပ်) ရောဂါဖြစ်ပွားမှုမှာလည်း မေလအတွင်း၌ ပိုမိုများပြားလာပြီး သွေးတိုး၊ ဆီးချို အခံရှိသူများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ငယ်ရွယ်လွန်းသူများနှင့် အရက်သေစာ သောက်စားသူများတွင် အများဆုံးဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ဆေးရုံကြီးကို Heat Stroke (အပူလျှပ်)လူနာအနေနဲ့ မန္တလေးခရိုင်အတွင်းက တက်ရောက်ကုသသူ ၂၉ ဦးပဲ ရှိပေမယ့် အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဖြစ်ပွားသူတွေပါ လာရောက်ကုသတဲ့အတွက် လူနာဦးရေ များလာတာပါ။ ဒီလိုလူနာတွေရောက်လာရင် သက်ဆိုင်ရာ စောင့်ကြည့်ကုသဆောင်(ဖျားနာ)မှာ အရင်ဆုံး စမ်းသပ်စစ်ဆေးကုသပြီး ပုံမှန်အခြေအနေ ရောက်ရှိမှ သက်ဆိုင်ရာဖျားနာကုသဆောင်တွေကို ရွှေ့ပြောင်းကုသပေးပါတယ်။ ဖြစ်ပွားသူလူနာများပြားလို့ လက်ရှိစောင့်ကြည့်ကုသဆောင်နဲ့ မလုံလောက်ခဲ့ရင် ပြင်ပလူနာဌာနရဲ့အပေါ်ထပ်မှာ လေအေးပေးစက်တွေ တပ်ဆင်ထားတဲ့ အရန်အခန်းတွေကို ပြင်ဆင်ထားပါတယ်။

ကြိုတင်ပြင်ဆင်ထားရှိမှုအနေနဲ့ လူနာတွေကုသဖို့အတွက် လိုအပ်တဲ့ လေအေးပေးစက်တွေ၊ ရေခဲနဲ့ရေရောပြီးတော့ ချိုးလို့ရမယ့်နေရာတွေ၊ ရေခဲသိုလှောင်တဲ့ ပုံးတွေအပြင် ဆေးဝါးနဲ့ စက်ပစ္စည်းတွေလည်း ကြိုတင်ပြင်ဆင်ထားပါတယ်။ ကုသမှုအပိုင်းအနေနဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ လုပ်သားအင်အားကိုလည်း ကြိုတင်ပြင်ဆင်တာဝန်ချထားတဲ့အပြင် ရေခဲအလှူရှင်တွေ၊ လူမှုကူညီရေးအသင်းတွေနဲ့လည်း ကြိုတင် ဆက်သွယ်ထားပါတယ်"ဟု ၎င်းက ပြောသည်။

**အပူရှိန်မြင့်မား**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ နှစ်အလိုက် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပွားသည့် Heat Stroke (အပူလျှပ်)လူနာများ တက်ရောက်ကုသမှုစာရင်းများအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် Heat Stroke (အပူလျှပ်) ဖြစ်ပွားသူ ၄၆၁ ဦးနှင့် သေဆုံးသူ ၂၂ ဦး၊ ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားသူ ၃၉ ဦး၊ ၂၀၁၄ ခုနှစ်တွင် ဖြစ်ပွားသူ ၉၁ ဦးနှင့် သေဆုံးသူ ခြောက်ဦး၊ ၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားသူ ကိုးဦး၊ ၂၀၁၆ ခုနှစ်တွင် ဖြစ်ပွားသူ ရှစ်ဦးနှင့် ၂၀၁၉ ခုနှစ် မေ ၁၅ ရက်အထိ ဖြစ်ပွားသူ ၅၇ ဦးနှင့် သေဆုံးသူ ခြောက်ဦးရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တရားမဝင်သစ်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက် မှ ၁၂ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၆၃ ဒသမ ၂၂၅၅ တန်၊ သစ်မာ ၁၃၂ ဒသမ ၇၃၆၉ တန်၊ အခြားသစ် ၂၈၁ ဒသမ ၃၂၉၆ တန် စုစုပေါင်း ၅၇၇ ဒသမ ၂၉၂၀ တန်၊ ပြစ်မှုကျူးလွန်သူ ၅၄ ဦး၊ ယာဉ်/ယန္တရား ၄၄ စီး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**မောင်လူမော်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၅**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက် ည ၉ နာရီက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်လန်ကျေးရွာအနီး မိုးညှင်း-ဝေ့ခါ သွားလမ်းတွင် ဇော်နိုင်မောင်းနှင်ပြီး ဇာနည် လိုက်ပါလာသည့် မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၇၀ သိမ်းဆည်းရမိခဲ့သည်။



ဒခွမ်အွမ်းဆာအားရ်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သိမ်းဆည်းရမိ**

အလားတူ ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင်စစ်ဆေးရေးစခန်းတွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ကျချီး(ခ) လောက်ကျူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၊ မောရှေထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့ပြီး မနန်းရှန်ထွမ်း(ခ) အေးထွမ်းနှင့် မအေးဆိုင်ရွှေတို့ သယ်ဆောင်လာသည့် ဆောင်းဘောက် လေးလုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ မေ ၁၄ ရက် မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာအနီး ကွတ်ခိုင်-ကောင်းခါးသွားကားလမ်းတွင် ဒခွမ်အွမ်းဆာအားရ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ ကို လည်းကောင်း။

**အရေးယူထား**

အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဟွေရဲကျေးရွာနေ လော်ဇာ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၃၁ ပြားနှင့် ဘိန်းမည်း ဂရမ် ၁၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်း ပူးပေါင်းစစ်ဆေးရေးဂိတ်အနီးတွင် အိုက်နွန်(ခ) အိုက်နွန်မြောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ကက်တမင်း ဂရမ် ၈၃၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မူဆယ်မြို့တွင် မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်နှစ်လုံးမီးလောင်

**မူဆယ် မေ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက် ၄ လမ်း ညောင်ပင်ဈေးအနီးတွင် မေ ၁၅ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်မြို့ စွမ်စော်ရပ်ကွက် ၄ လမ်းနေ ဦးစံလင်း၏နေအိမ်၌ မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ရာ ၎င်းနေအိမ်မှတစ်ဆင့် ဘေးအိမ်သို့ မီးကူးစက်လောင်ကျွမ်း၍ နေအိမ်နှစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဦးစံလင်းအား မူဆယ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖန်ရိုးထန်(ပြန်/ဆက်)**

**မီးဘေးရှောင် မလောင်ခင်တား**

(၂၄)လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် *Nawaday 4 Storey Shop House*



လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ X ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း စီးပွားရေးအဆောက်အဦးဖြစ်ပါသည်။ မြေညီထပ်မှာhall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန် သင့်တော်ပါသည်။ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန် သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး တတိယထပ်နောက်ဖက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။ နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦးဖြစ်ပါသည်။

ဖုန်း-၆၅၀၅၃၅၊ ၆၆၆၁၈၃၊ ၆၅၁၄၃၆၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ရွှေတောင်ဖောင်ဒေးရှင်းက ၁၀၇ ကျောင်းမြောက် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း

**ရန်ကုန် မေ ၁၅**

ရွှေတောင်လုပ်ငန်းစုသည် တစ်နိုင်ငံလုံး၏ ပညာရေးကဏ္ဍမြှင့်တင်မှုအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် စာသင်ဆောင်များ လုံလောက်ပြည့်စုံစေရေးနှင့် ပညာသင်ယူကြမည့် ကလေးငယ်များအားလုံး ပိုမိုကောင်းမွန်သည့် နေရာထိုင်ခင်းများတွင် စိတ်အေးချမ်းသာစွာ ပညာသင်ယူနိုင်စေရန် ရည်ရွယ်ပြီး စာသင်ဆောင်သစ်များ ဆောက်လုပ်လှူဒါန်းပေးခြင်းနှင့် ပျက်စီးယိုယွင်းနေသည့် ကျောင်းဆောင်ဟောင်းများ အကြီးစားပြန်လည်ပြင်ဆင်ပေးခြင်းကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။

ရွှေတောင်လုပ်ငန်းစုဥက္ကဋ္ဌ ဦးအိုက်ထွန်း ဦးစီးတည်ထောင်သော ရွှေတောင်ဖောင်ဒေးရှင်းနှင့် မိုးထက်ကမ္ဘာကုမ္ပဏီတို့ ပူးပေါင်း၍ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာသစ်ဖျာ (သံဘို)တွင် အခြေခံပညာ အလယ်တန်းကျောင်းခွဲ တစ်ထပ်ကျောင်းဆောင်သစ်ကို ဆောက်လုပ်လှူဒါန်းခဲ့ပြီး ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်သည့် မင်္ဂလာအခမ်းအနားကို မေ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဆောင်သစ် တည်ရှိရာနေရာ၌ ကျင်းပခဲ့သည်။

ယခုလှူဒါန်းသည့် ကျောင်းဆောင်သစ်သည် RC တစ်ထပ် အဆောက်အအုံဖြစ်ပြီး စတုရန်းပေ ၁၈၀၀ ကျယ်ဝန်းကာ စာသင်ခန်း နှစ်ခန်းပါရှိ၍ ကျောင်းသားဦးရေ ၂၀၅ ဦး တက်ရောက်နိုင်မည်ဖြစ်သည်။ ထို့ပြင် ရွှေတောင်လုပ်ငန်းစုဥက္ကဋ္ဌနှင့် အလှူရှင်များကလည်း ကျောင်းခြံစည်းရိုးပြုလုပ်ပေးခြင်း၊ စာသင်ခန်းများတွင် အသုံးပြုရန်အတွက် စာရေးစားပွဲခုံများနှင့် ကျောင်းရန်ပုံငွေများ ထည့်ဝင်လှူဒါန်းပေးခြင်း၊ ကွန်ပျူတာနှင့် Printer တစ်စုံ၊ ခဲတံ၊ ဘောပင်၊ ဗလာစာအုပ်များ၊ ကျောပိုးအိတ်များ၊ စတီးထမင်းချိုင့်များကို လှူဒါန်းခဲ့ကြသည်။



အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံနှင့် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ရီလေး**

## အာရှမြို့ပြယဉ်ကျေးမှုများကွန်ဖရင့်သို့ တက်ရောက်ရန် ထွက်ခွာ

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း) သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ Mr. Tie Ning ၏ ဖိတ်ကြားချက်အရ မေ ၁၄ ရက်မှ ၁၈ ရက်အထိ ပေကျင်းမြို့၌ ကျင်းပမည့် Asian Civilization ကွန်ဖရင့်သို့ တက်ရောက်ရန် မေ ၁၄ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။



ယင်းကွန်ဖရင့်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်၏ ဦးဆောင်မှုဖြင့် ကျင်းပခြင်းဖြစ်ပြီး အာရှနိုင်ငံများမှ ပညာရှင်စာရေးဆရာများနှင့် ယဉ်ကျေးမှုသုတေသနပညာရှင်များ တက်ရောက်ကြမည်ဖြစ်ကာ မြန်မာနိုင်ငံအနေဖြင့် ပျူခေတ်နှင့် ပုဂံခေတ်မြို့ပြ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် စာပေအကြောင်း အလေးထားတင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တန့်ဆည်မြို့နယ်၌ သဖန်းဆိပ်ဆည်ရေဖြင့် နွေစပါးဧက သုံးသောင်းကျော် စိုက်ပျိုး

**တန့်ဆည် မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယနေ့အချိန်အထိ သဖန်းဆိပ်ဆည်ရေဖြင့် နွေစပါး၃၂၉၆၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

နွေစပါးအတွက် ဆည်ရေကို ဇန်နဝါရီလ တတိယပတ်မှစတင်၍ သဖန်းဆိပ်ရေလှောင်တမံ၊ ကင်းတပ်ရေလွှဲဆည် လက်ယာမြောင်းမှတစ်ဆင့် ပေးဝေခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် နွေစပါးစိုက်ဧက ၃၂၆၆၀ စိုက်ပျိုးရန်လျာထားရာ ၃၂၉၆၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ကင်းတပ်ရေလွှဲဆည် လက်ယာမြောင်းမှ တစ်ဆင့် ဆည်ရေအသုံးပြုနိုင်သော မြို့နယ်များမှာ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်း၊ အရာတော်နှင့် ဘုတလင်မြို့နယ်များဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်သည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

(ဃ) ဘူမိသိပ္ပံပညာရှင်များ လိုက်နာရမည့် ကျင့်ဝတ်နှင့် စည်းမျဉ်း စည်းကမ်းများကို သတ်မှတ်ပြဋ္ဌာန်းခြင်း၊

(င) မှတ်ပုံတင်လက်မှတ်များထုတ်ပေးခြင်း၊ မှတ်ပုံတင်စာရင်း ပြုစုထားရှိခြင်းနှင့် အခါအားလျော်စွာထုတ်ပြန်ခြင်း၊

(စ) ဘူမိသိပ္ပံပညာရှင်များ၏ စွမ်းဆောင်ရည်နှင့် ကျင့်ဝတ်သိက္ခာ မြင့်မားလာရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဆ) အရည်အသွေးနှင့် အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်နိုင်ရန် အလို့ငှာ ဘူမိသိပ္ပံပညာရပ်များဆိုင်ရာ စံချိန်စံညွှန်း၊ လုပ်ငန်းဆိုင်ရာအခြေခံစံနှုန်းနှင့် ကျင့်ထုံးများကို တာဝန်ခံဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အကူအညီရယူ ရေးဆွဲပြဋ္ဌာန်းခြင်း၊

(ဇ) နိုင်ငံတော်အစိုးရ၏ တောင်းဆိုချက်အရ အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ငန်းဌာနအဖွဲ့အစည်းများက ဆောင်ရွက်နေသော ဘူမိသိပ္ပံပညာရပ်ဆိုင်ရာလုပ်ငန်းများကို လိုအပ်သလို စိစစ်ကြီးကြပ်ခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် ကူညီဆောင်ရွက်ခြင်း၊

(ဈ) ဘူမိသိပ္ပံပညာရပ်များ စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာတွေ့လက်တွေ့သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သုတေသန စာတမ်းဖတ်ပွဲများ၊ ညီလာခံများကို အခါအားလျော်စွာ ကြီးမှူးကျင်းပပေးခြင်း၊

(ည) သင့်တော်သည့် နိုင်ငံသားဘူမိသိပ္ပံပညာရှင်များကို ရွေးချယ်၍ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကျင်းပပြုလုပ်သော ဘူမိသိပ္ပံပညာရပ်ဆိုင်ရာသင်တန်းများ၊ အစည်းအဝေးများနှင့် ညီလာခံများသို့ နိုင်ငံကိုယ်စားပြု ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(ဋ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတကာ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီ အထောက်အပံ့ရယူပြီး သင့်တော်သည့် နိုင်ငံသားဘူမိသိပ္ပံပညာရှင်များအား နိုင်ငံခြားပညာတော်သင်အဖြစ် ရွေးချယ်စေလွှတ်ခြင်း၊ ပြည်တွင်းပညာတော်သင်ဆုများ ရွေးချယ်ပေးအပ်ခြင်း၊

(ဌ) ဘူမိသိပ္ပံပညာဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းကိရိယာ တန်ဆာပလာများနှင့် တပ်ဆင်သုံးစွဲခြင်းနှင့် စပ်လျဉ်းသည့် အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်နှင့် ကျင့်ထုံးများ သတ်မှတ်ခြင်း၊ စိစစ်ကြပ်မတ်စစ်ဆေးခြင်း၊

(ဍ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကောင်စီက တာဝန်ပေးအပ်သည့် ပြင်ပပုဂ္ဂိုလ်များ၏ လစာစရိတ်နှင့် ချီးမြှင့်ငွေများအား သတ်မှတ်ခံစားခွင့်ပြုခြင်း၊

(ပ) ကောင်စီသည် မိမိ၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တာဝန်ခံဝန်ကြီးဌာနသို့ အခါအားလျော်စွာ အစီရင်ခံစာနှင့် အကြံပြုချက်များကို တင်ပြခြင်း၊

(ဏ) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(တ) နိုင်ငံတကာရှိ အလားတူ အုပ်ချုပ်ရေးအဖွဲ့များနှင့် ချိတ်ဆက်ညှိနှိုင်း၍ အဆင့်တူမှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း။

၁၆။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီသည် လိုအပ်ချက်များနှင့်အညီ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် သင့်လျော်သည့် ပြင်ပပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးခြင်း၊

(ခ) လုပ်ငန်းကော်မတီများ၏ စစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံပြီး စိစစ်သုံးသပ်၍ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ ပြစ်ဒဏ်ချမှတ်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီများအား လိုအပ်သော ကူညီပံ့ပိုးမှုများ ပေးခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ကာလကန့်သတ်ချက်ဖြင့် ရုပ်သိမ်းခြင်း၊ အပြီးအပိုင်ပယ်ဖျက်ခြင်း၊ ပိတ်သိမ်းခြင်းနှင့် စိစစ်၍ ပြန်လည်ထုတ်ပေးခြင်း၊

(င) မှတ်ပုံတင်လက်မှတ်များကို သက်တမ်းသတ်မှတ်ခြင်း၊သက်တမ်းတိုးမြှင့်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ ဒဏ်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဆ) တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအစိုးရ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ကောင်စီ၏ ရုံးအဖွဲ့ဝန်ထမ်းများကို ကာလသတ်မှတ်ချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း၊

(ဈ) ကောင်စီဝင်တစ်ဦးဦးသည် ကောင်စီပိုင်အမှတ်တံဆိပ်ကို ကောင်စီ၏ ခွင့်ပြုချက်မရရှိဘဲ ကိုယ်ကျိုးအတွက် အသုံးပြုလျှင် ထိုကောင်စီဝင်ကို နာယကအဖွဲ့၏ သဘောတူညီချက်ဖြင့် ကောင်စီဝင်အဖြစ်မှ ရပ်စဲနိုင်ခြင်း။

၁၇။ ကောင်စီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ တာဝန်လွှဲအပ်ပေးနိုင်သည်။

၁၈။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိချုပ် ဦးဆောင်သော ရုံးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ လိုအပ်ပါက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မှတ်ပုံတင်အရာရှိ ဦးဆောင်သည့် ရုံးအဖွဲ့ခွဲများကို သင့်လျော်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

## အခန်း(၆)

## နိုင်ငံ့ဝန်ထမ်းမဟုတ်သော အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ကောင်စီက တာဝန်ပေးအပ်သည့် ပြင်ပပုဂ္ဂိုလ်များ၏ ရပိုင်ခွင့်များ

၁၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကောင်စီကတာဝန်ပေးအပ်သည့် ပြင်ပပုဂ္ဂိုလ်များသည် အောက်ပါတို့ကို ခံစားခွင့်ရှိသည် -

(က) ကောင်စီကသတ်မှတ်သည့် ချီးမြှင့်ငွေ၊ ဉာဏ်ပူဇော်ခနှင့် အခြား ခံစားခွင့်များ၊

(ခ) ကောင်စီက ပေးအပ်သောတာဝန်ဖြင့် ခရီးများသွားလာရပါက အမှန်တကယ် ကုန်ကျသည့်ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်သည့် နေ့တွက်စရိတ်၊

(ဂ) ကောင်စီ၏ တာဝန်ပေးချက်အရ ပြည်တွင်းပြည်ပ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သုတေသနစာတမ်းဖတ်ပွဲများ၊ သင်တန်းနှင့် လေ့လာရေးခရီးများ အစရှိသည့်ခရီးများ သွားရောက်ရပါက အမှန်တကယ်ကုန်ကျသည့် ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်သည့် နေ့တွက်စရိတ်နှင့် ချီးမြှင့်ငွေများ။

## အခန်း(၇)

## ကောင်စီဝင်အဖြစ်မှရပ်စဲခြင်း

၂၀။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီသည် နာယကအဖွဲ့၏ သဘောတူညီချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲနိုင်သည် -

(က) မိမိသဘောဆန္ဒအလျောက် နုတ်ထွက်ခွင့်တောင်းခံခြင်း၊

(ခ) ခွင့်ပန်ကြားခြင်းမရှိဘဲ ကောင်စီအစည်းအဝေး သို့မဟုတ် အလုပ်အမှုဆောင် အစည်းအဝေးများ တက်ရောက်ရန် တစ်ဆက်တည်း သုံးကြိမ်ပျက်ကွက်ခြင်း၊

(ဂ) ခွင့်ပန်ကြားခြင်းမရှိဘဲ ကောင်စီနှင့် အကြောင်းမဲ့ တစ်နှစ်နှင့်အထက် ကင်းကွာခြင်း၊

(ဃ) ကောင်စီက ထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးကို ကာလအကန့်အသတ်နှင့် ရုပ်သိမ်းခံရခြင်း သို့မဟုတ် အပြီးအပိုင်ပယ်ဖျက်ခံရခြင်း၊

(င) ကောင်စီကပြဋ္ဌာန်းထားသည့် ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(စ) အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(ဆ) စိတ်ပိုင်းဆိုင်ရာရောဂါစွဲကပ်ခြင်း သို့မဟုတ် ကိုယ်အင်္ဂါပျက်ယွင်းခြင်း သို့မဟုတ် အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(ဇ) ကောင်စီမှပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှုမရှိခြင်း၊

(ဈ) ကွယ်လွန်ခြင်း။

## အခန်း(၈)

## အစည်းအဝေးများကျင်းပခြင်း

၂၁။ ကောင်စီအစည်းအဝေးများကို အောက်ပါအတိုင်းကျင်းပရမည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို ခြောက်လလျှင် တစ်ကြိမ်နှုန်းဖြင့် တစ်နှစ်လျှင်နှစ်ကြိမ် ကျင်းပပြုလုပ်ရမည်။ လိုအပ်ပါက နာယကအဖွဲ့၏ သဘောတူညီချက်ဖြင့် အထူးအစည်းအဝေးများ ခေါ်ယူကျင်းပနိုင်သည်။

(ခ) ကောင်စီအဖွဲ့ဝင်အားလုံး၏ အနည်းဆုံး လေးပုံတစ်ပုံသော ကောင်စီဝင်များက စာဖြင့်ရေးသားတောင်းဆိုလျှင် ကောင်စီသည် နာယကအဖွဲ့၏ သဘောတူညီချက်ဖြင့် အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ ပုံမှန်အစည်းအဝေးကို နှစ်လလျှင် တစ်ကြိမ်နှုန်းဖြင့် တစ်နှစ်လျှင် အနည်းဆုံး ခြောက်ကြိမ်ထက် မနည်း ကျင်းပပြုလုပ်ရမည်၊ လိုအပ်ပါက အလုပ်အမှုဆောင်အဖွဲ့၏ အထူးအစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

၂၂။ အလုပ်အမှုဆောင်အဖွဲ့သည် မိမိ၏ဆောင်ရွက်ချက်များကို အနီးကပ်ဆုံး ကျင်းပပြုလုပ်သည့် ကောင်စီအစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၂၃။ ကောင်စီသည် မိမိ၏ဆောင်ရွက်ချက်များကို တာဝန်ခံဝန်ကြီးဌာနသို့ ခြောက်လတစ်ကြိမ်တင်ပြရမည်။ အထူးကိစ္စရပ်များရှိပါက အခါအားလျော်စွာ တင်ပြအစီရင်ခံရမည်။

## အခန်း(၉)

## အလုပ်သင်ဘူမိသိပ္ပံပညာရှင် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၄။ ပြည်တွင်းပြည်ပရှိ အစိုးရအသိအမှတ်ပြု တက္ကသိုလ်ကောလိပ် တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာဘွဲ့ရရှိထားသူ နိုင်ငံသားသည် ဘူမိသိပ္ပံပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုပါက အလုပ်သင်ဘူမိသိပ္ပံပညာရှင်မှတ်ပုံတင်လက်မှတ်ကို သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ အသိပေးတင်ပြရမည်။

၂၅။ ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ-မရှိ စိစစ်ပြီး အလုပ်သင် ဘူမိသိပ္ပံပညာရှင် မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်းနှင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၁၀)

## မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၆။ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသည့် အလုပ်သင် ဘူမိသိပ္ပံပညာရှင် မှတ်ပုံတင်လက်မှတ်ရရှိထားသူ နိုင်ငံသားသည် မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ် ရယူလိုပါက ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၇။ ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်သည် ဤဥပဒေပါ သတ်မှတ်ချက်များနှင့် ပြည့်မီခြင်းရှိ မရှိစိစစ်ပြီး ပြည့်မီပါက လျှောက်ထားသူအား မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ်ကို ထုတ်ပေးရမည်။

၂၈။ ကောင်စီသည် သတ်မှတ်ချက်များနှင့် ပြည့်မီခြင်းမရှိသည့် လျှောက်ထားချက်အပေါ် မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ်ထုတ်ပေးရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း(၁၁)

## မှတ်ပုံတင်ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၉။ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ် ရရှိထားသူ နိုင်ငံသားသည် မှတ်ပုံတင်ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်လက်မှတ် ရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၃၀။ ပုဒ်မ ၂၉ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်ချက်များနှင့် ပြည့်မီခြင်းရှိ မရှိ စိစစ်ပြီး ပြည့်မီပါက လျှောက်ထားသူအား မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်ကို ထုတ်ပေးရမည်။

၃၁။ ကောင်စီသည် သတ်မှတ်ချက်များနှင့် ပြည့်မီခြင်းမရှိသည့် လျှောက်ထားချက်အပေါ် မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ် ထုတ်ပေးရန်ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး ကျေးရွာချင်းဆက် (မြို့ရှောင်လမ်း) ဖောက်လုပ်နေမှု ကွင်းဆင်းကြည့်ရှု



**ရန်ကုန် မေ ၁၅**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများသည် မေ ၁၄ ရက် ညနေ ၄ နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ခနောင်ကျေးရွာနှင့် ရခိုင်ချောင်ကျေးရွာ ချင်းဆက် (မြို့ရှောင်လမ်း) ဖောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး လမ်းဖောက်လုပ်ရန် လမ်းမြေလှူဒါန်းသည့် ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့နောက် လမ်းဖောက်လုပ်နိုင်ရေးအတွက် လယ်ယာမြေများကို ကိုယ့်ကျိုးအတွက်မကြည့်ဘဲ အများအကျိုးအတွက် လှူဒါန်းပေးကြသော ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မြို့တော်ဝန်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဒလမြို့နယ်ရှိ ခနောင်ကျေးရွာနှင့် ရခိုင်ချောင်ကျေးရွာသို့ ဖောက်လုပ်မည့် ကျေးရွာချင်းဆက် (မြို့ရှောင်လမ်း) သည် အရှည်ပေ ၁၅၀၀၀ ကျော်ရှိပြီး လမ်းဖောက်လုပ်မည့် လယ်ယာမြေအတွင်းကျရောက်သည့် ခနောင်ကျေးရွာမှ တောင်သူ ၁၉ ဦးနှင့် ရခိုင်ချောင်ကျေးရွာမှ တောင်သူ ၁၃ ဦး စုစုပေါင်း တောင်သူ ၃၂ ဦးရှိကာ လမ်း၏ အကျယ်ပေ ၈၀ ရရှိရေးအတွက် တောင်သူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ညှိနှိုင်းဆောင်ရွက်ပြီးစီး၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်ဖွံ့ဖြိုးတိုးတက်စေရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးနှင့် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအား အချိန်တိုအတွင်း ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေးအတွက် ရည်ရွယ်၍ မြို့ရှောင်လမ်းကို ဖောက်လုပ်ပေးခြင်းဖြစ်သည်။ အဆိုပါလမ်းဖောက်လုပ်ပြီးစီးသွားပါက ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားပြည်သူများအနေဖြင့် အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများလည်း လွယ်ကူမြန်ဆန်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

---

# ရန်ကုန်မြို့ပတ်ယာဉ်လိုင်းသစ်တစ်ခုအား SCANIA ယာဉ်များဖြင့် ယခုလအတွင်း ပြေးဆွဲသွားမည်

**ရန်ကုန် မေ ၁၅**

ရန်ကုန်မြို့တွင်း ခရီးသွားလာနေကြသည့်ပြည်သူများ သွားလာမှုပိုမိုအဆင်ပြေစေရန်အတွက် ရန်ကုန်မြို့ပတ်ယာဉ်လိုင်းသစ်တစ်ခုကို SCANIA ယာဉ်ကြီးများဖြင့် ယခုလအတွင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)ရုံးချုပ်တွင်ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

အဆိုပါယာဉ်လိုင်းသစ်အား City Transit ကုမ္ပဏီက ပြေးဆွဲသွားမည်ဖြစ်ပြီး အောင်မင်္ဂလာအဝေးပြေးကားဝင်းမှ စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

"City Transit ကုမ္ပဏီက ယာဉ်လိုင်းသစ်ပြေးဆွဲချင်တယ်လို့ တင်ပြမှုတွေရှိလာတာကြောင့် ပြေးဆွဲဖို့အတွက် ခွင့်ပြုမိန့်ချထားပေးပြီး ဖြစ်ပါတယ်။ ယာဉ်လိုင်းပြေးဆွဲမှုအနေနဲ့ အောင်မင်္ဂလာအဝေးပြေးက စမှာဖြစ်ပြီး အဲဒီမှာပဲ ပြန်လည်ဂိတ်ဆုံးမှာဖြစ်ပါတယ်။ ကုမ္ပဏီက သူ့ကိုယ်ပိုင်ကားဝင်းနဲ့ကားတွေကို ထားရှိ၍ပြေးဆွဲသွားမှာဖြစ်ပြီး အဲဒီကားဝင်းကလည်း အောင်မင်္ဂလာအဝေးပြေးကားဝင်းနားမှာပဲ ဖြစ်ပါတယ်။ ဒီလထဲမှာပဲ စတင်ပြေးဆွဲသွားမှာဖြစ်ပြီး ယာဉ်အစီးရေ ၃၉ စီးနဲ့ စတင်ပြေးဆွဲသွားမှာဖြစ်ပါတယ်။ လောလောဆယ်တော့ ယာဉ်လိုင်းနံပါတ်ပေးထားတာမရှိသေးဘဲ ရန်ကုန်မြို့ ပတ်ယာဉ်လိုင်းလို့ပဲ သတ်မှတ်ထားပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

အဆိုပါရန်ကုန်မြို့ပတ်ယာဉ်လိုင်းသစ်သည် အောင်မင်္ဂလာအဝေးပြေး-မြောက်ဥက္ကလာ-ကမ္ဘာအေးဘုရားလမ်း-ဗိုလ်တထောင်-ကမ်းနားလမ်း-သမိုင်းလမ်းဆုံ- ၈ မိုင်- နဝဒေး- မြောက်ဥက္ကလာ- အောင်မင်္ဂလာအဝေးပြေး လမ်းကြောင်းအတိုင်း ပြေးဆွဲသွားမည်ဖြစ်ပြီး ယာဉ်စီးခအနေဖြင့် ခရီးစဉ်တစ်ပိုင်းလျှင် ငွေကျပ် ၅၀၀ ဖြင့် ခရီးစဉ်နှစ်ပိုင်းခွဲထားပြီး ခရီးစဉ်တစ်ခုလုံးအတွက် ငွေကျပ် ၁၀၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် သွားလာနေကြသည့် လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ခရီးသည်တင်ယာဉ်လိုင်းများကိုသာ မှီခိုအားထားသွားလာနေကြကြောင်း၊ ပြေးဆွဲနေသည့်ယာဉ်လိုင်း ပေါင်း ၁၀၀ ခန့်ရှိပြီး လမ်းကြောင်း ၁၂၃ လိုင်းခန့် ပြေးဆွဲလျက်ရှိကြောင်း၊ ယာဉ်အစီးရေ ပေါင်း ၄၃၀၀ ခန့်ဖြင့် ခရီးသွားပြည်သူ ၁ ဒသမ ၈ သန်းခန့်ကို နေ့စဉ်ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း ယနေ့ပြုလုပ်သည့်မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

**ဟိန်းထက်(ကြေးမုံ)**

---

# သန့်ရှင်းသောသောက်သုံးရေရရှိစေရေး မြို့နယ်များသို့ သွားရောက်လှူဒါန်း



**မကွေး**

မကွေးတိုင်းဒေသကြီးအတွင်း နွေရာသီရေပြတ်လပ်မှုဖြစ်ပေါ်ခဲ့သည့် ကျေးရွာ ၇၄ ရွာသို့ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် လူမှုရေးအသင်းအဖွဲ့များက မေ ၁၂ ရက်အထိ ရေဂါလန် ၄၈၀၀၀၀ ကျော်နှင့် ၂၀ လီတာဆံ့ သောက်ရေသန့်ဘူးကြီး ၄၆၀၀ အား သွားရောက်လှူဒါန်းနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သောက်သုံးရေများ သွားရောက်လှူဒါန်းရာတွင် မကွေးမြို့နယ်ရှိ ကျေးရွာ ၁၉ ရွာအား ရေဂါလန် ၁၁၇၇၀၀ နှင့် ၂၀ လီတာဆံ့သောက်ရေဘူး ၄၆၀၀၊ မြို့သစ်မြို့နယ်ရှိ ကျေးရွာငါးရွာတွင် ရေဂါလန် ၃၃၁၀၀၊ ချောက်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ရေဂါလန် ၁၂၅၀၀၊ နတ်မောက်မြို့နယ်ရှိ ကျေးရွာနှစ်ရွာတွင် ရေဂါလန် ၉၉၀၀၊ ရေနံချောင်းမြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် ရေဂါလန် ၁၅၀၀၊ မင်းဘူးမြို့နယ်ရှိ ကျေးရွာနှစ်ရွာတွင် ရေဂါလန် ၁၀၁၀၀၊ ငဖဲမြို့နယ်ရှိကျေးရွာ သုံးရွာတွင် ရေဂါလန် ၉၀၀၀၊ သရက်မြို့နယ်ရှိ ကျေးရွာကိုးရွာတွင် ရေဂါလန် ၆၅၀၀၀၊ အောင်လံမြို့နယ်ရှိ ကျေးရွာနှစ်ရွာတွင် ရေဂါလန် ၄၀၀၀၊ ကံမမြို့နယ်ရှိ ကျေးရွာရှစ်ရွာတွင် ရေ ၂၃၇၈၅ ဂါလန်၊ မင်းလှမြို့နယ်ရှိ ကျေးရွာသုံးရွာတွင် ရေဂါလန် ၉၆၆၀၊ ပခုက္ကူမြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် ရေဂါလန် ၁၇၀၄၀၊ ရေစကြိုမြို့နယ်ရှိကျေးရွာရှစ်ရွာတွင် ရေဂါလန် ၂၂၂၀၀၊ မြိုင်မြို့နယ်ရှိ ကျေးရွာကိုးရွာတွင် ရေဂါလန် ၁၄၈၃၀၀ စုစုပေါင်းရေဂါလန် ၄၈၃၇၈၅ ဂါလန်နှင့် ၂၀ လီတာဆံ့သောက်ရေသန့်ဘူး ၄၆၀၀ တို့ကို ဖြန့်ဝေပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီးအတွင်း နွေရာသီပူပြင်းမှုကြောင့် သောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်သည့် ကျေးရွာများအား ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များက ဆက်လက်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ဝေဖြိုးလေး(မကွေး)**

**ခရမ်း**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ မြို့နယ်တာဝန်ရှိသူများက သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိရာ မေ ၁၄ ရက် ညနေက ခရမ်းမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းလှူဒါန်းခဲ့ကြသည်။

ခရမ်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုးလှူဒါန်းသည့် ရေသန့်ဘူးကြီး ၁၀၀၀ အား ခရမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်လတ်နှင့် တာဝန်ရှိသူများက သောက်သုံးရေလိုအပ်လျက်ရှိသည့် အမှတ် ၇/၈/၉/၁၀ ရပ်ကွက်များ၊ ဝန်လေးဝကျေးရွာ၊ သက္ကယ်ကုန်းကျေးရွာများသို့ လှည့်လည်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုမင်း( ခရမ်း)**

**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်း နှစ်စဉ်နွေရာသီရောက်လျှင် ရေအခက်အခဲဖြစ်နေသည့် တောင်ဘို့ကြီးအုပ်စု မြေဝါကုန်းကျေးရွာရှိ အိမ်ထောင်စုများ အဆင်ပြေစေရေးအတွက် မေ ၁၄ ရက် နံနက်ပိုင်းက သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် အိမ်ထောင်စု ၉၂ စုအတွက် သောက်သုံးရေ ၂၀ လီတာဘူး ၂၀၀ နှင့် သုံးရေ ဂါလန် ၁၆၀၀ အား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပန်းတောင်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဉသျှစ်ပင်အရန်မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သင်းသင်းအေး (ပြန်/ဆက်)**



**ရန်ကုန်**။ ။ သုံးခွမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသန်းဦး မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်နိုင်ဦးတို့ ဦးဆောင်သည့် တပ်ဖွဲ့ဝင်မိသားစုများသည် မေ ၁၄ ရက် ညနေ ၃ နာရီခွဲက သုံးခွမြို့နယ် အောင်သာဒါန်းကျေးရွာ သမ္မစိတ္တကျေးရွာနှင့် မဟာမိတ်ကျေးရွာတို့သို့ လီတာ ၂၀ ရေသန့်ဘူး ၄၈၀ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**





# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## နံနက်ခင်းစကား၊ နံနက်ခင်းတရား ဖတ်၊ မှတ်၊ ကြားနာ ဆင်ခြင်စရာ အတွေးပဒေသာ




စာရေးသူဟိန်းလတ် စီစဉ်ရေးသားသည့် နံနက်ခင်းစကား၊ နံနက်ခင်းတရား ဖတ်၊ မှတ်၊ ကြားနာ ဆင်ခြင်စရာအတွေးပဒေသာ စာအုပ် ထွက်ရှိလာသည်။

စာရေးသူက နံနက်ခင်းတိုင်းတွင် လူတစ်ဦးချင်း အမည်နာမကိုကြည့်ပြီး သူတို့အားလုံးကိုသတိရကာ မေတ္တာပွားများရသည်။ စိတ်ချမ်းမြေ့ဖွယ်ကောင်းလှကြောင်းရေးသားထားသည်။ စာရေးသူသည် ကျွန်တော်က မင်္ဂလာပါ၊ ချမ်းမြေ့သာယာသောနေ့ဖြစ်ပါစေဆိုသော ဆုတောင်းစကားထက် စာရေးသူဖတ်ခဲ့၊ ကြားခဲ့၊ တွေးခဲ့သော စကားစုအချို့ကို နေ့စဉ်နေ့တိုင်း ဖေ့စ်ဘွတ် စာမျက်နှာပေါ်တွင်တင်၏။ ယင်းမေတ္တာစာ သဝဏ်လွှာများကို ဖတ်မိကြသူများက ကျေးဇူးတင်ကြောင်း၊ အသိပညာ အတွေးအမြင်သစ်ရကြောင်း စာရေးသူထံပြန်ကြား၍ ပီတိဖြစ်မိကြောင်းရေးသားထားသည်။

**စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၈၃၉၂၈၃၅ နှင့် ၀၉၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## အိမ်အပြန်





ခရီးသွားဆောင်းပါးများကို စိတ်ဝင်စားသူများ ဖတ်ရှုလေ့လာနိုင်စေရန် စာရေးသူ ကိုမြန်မာစီစဉ်ရေးသားသည့် အိမ်အပြန် စာအုပ် ထွက်ရှိလာသည်။

သံရွာအကြောင်းကို သံရွာသားကိုယ်တိုင် မိမိဇာတိမြေ၏ ရှုခင်းများ အကြောင်း၊ ပုဂံခေတ်အစ ခေတ်အဆက်ဆက် တည်ထားကိုးကွယ်ခဲ့သည့် စေတီပုထိုး ၂၀၀ကျော်အကြောင်း၊ သမိုင်းဒဏ္ဍာရီ၊ စိမ်းလန်းသောစိုက်ခင်းများအကြောင်းကို လူ့သဘာဝနှင့် ထင်ဟပ်ကာ ရေးဖွဲ့ထားသည့် ယဉ်ကျေးမှု၊ ဓလေ့နှင့် တန်ဖိုးထားအပ်သောအရာများကို ဒေသခံတစ်ဦး၏ နှိုက်နှိုက်ချွတ်ချွတ် လေ့လာထားသည့် အတွေ့အကြုံများနှင့်ပေါင်းစပ်ကာ သံရွာအကြောင်းကို စိတ်ဝင်စားဖွယ်ရေးသားတင်ပြထားသည်။ ထို့ကြောင့် သံရွာ၏ သဘာဝအလှတရားများကို ပြည်တွင်းခရီးသွားများခံစားနိုင်စေရန် ရည်ရွယ်၍ ရေးသားထားသည်။

**စာအုပ်ကို စိတ်ကူးသစ်စာပေ၊ အမှတ်-၁၄၉၊ ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၉၁၃၂၂မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**

## အဖြူရောင် သင်္ချာဉာဏ်စမ်းပြိုင်ပွဲ





ကျောင်းသား ကျောင်းသူများအတွက် ဗဟုသုတရရှိနိုင်စေရန် ရည်ရွယ်၍ မြင့်ဇင်ညွှန့် စီစဉ်ရေးသားသည့် အဖြူရောင် သင်္ချာဉာဏ်စမ်းပြိုင်ပွဲ စာအုပ် ထွက်ရှိလာသည်။

စာရေးသူဝါသနာအလျောက် ရှာဖွေစုဆောင်းထားသည့် သင်္ချာဉာဏ်စမ်းများကို ကျောင်းသား ကျောင်းသူများအတွက် ပြန်လည်မျှဝေလိုက်ခြင်း ဖြစ်သည်။ စာအုပ်တွင်ဖော်ပြထားသည့် ပုစ္ဆာများအားလုံးသည် စာဖတ်သူ၏ဉာဏ်ကိုစမ်းသပ်ရန်ဖိတ်ခေါ်ထားသည်။ ကြည့်လိုက်သည်နှင့် အလွန်လွယ်ကူသော်လည်း လွယ်လွယ်မဖြေမိပါစေနှင့်၊ လွယ်လွယ်ဖြေကြည့်ပါက သင်မှားမည်မှာ သေချာသည်။ အဆိုပါစာအုပ်ကို ကျောင်းသားကျောင်းသူများ လေ့လာခြင်းဖြင့် အနည်းငယ်မျှသောအကျိုးရှိပါက စာရေးသူအလွန်ပင်ကျေနပ်ပီတိဖြစ်ရကြောင်းရေးသားထားသည်။

**စာအုပ်ကို ရန်အောင်စာပေ၊ အ-ထ-က(၁)ရန်ကင်းကျောင်းရှေ့ ဆိုင်အမှတ် (H)၊ ၁၂ လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၉ ၅၁၇၉၃၉၈နှင့် ၀၉ ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။**

## ခြင်္သေ့ကြီးလည်ဆံမွေး ဘယ်လိုရနှင့် အခြားပုံပြင်များ




ကလေးသဘာဝ စိတ်ကူးယဉ်အတွေးများကို အင်္ဂလိပ်လိုရေးသားပြီး ကိုယ်တိုင်သရုပ်ဖော်ရေးဆွဲထားသော သမီးလေး မိုးပွင့်တင်၏ပုံပြင်ကို ဆရာမိုးမင်းသိမ်းက မြန်မာပြန်ဆိုထားသည်။

ထိုပုံပြင်စာအုပ်တွင် ခြင်္သေ့ကြီးလည်ဆံမွေးဘယ်လိုရ၊ ရှဉ့်လေးရဲ့အမြီးဘာကြောင့်ကောက်၊ ကြက်တူရွေးတို့ အရောင်အသွေးဘာကြောင့်စုံ စသည်ဖြင့် တိရစ္ဆာန် ၁၀ ကောင်အကြောင်းကို စိတ်ဝင်စားဖွယ်ရာ သရုပ်ဖော်ရေးသားထားသည်။

ကလေးအတွေးနှင့်ရေးသားထားသော ပုံပြင်ကလေးများကို ကလေးအချင်းချင်းဖတ်ရပါက ပို၍ နှစ်သက်၊ နားလည်ခံစားနိုင်မည်ဟု ယူဆသဖြင့်လည်းကောင်း၊ ဝေးလံသောဒေသများရှိ စာကြည့်တိုက်များသို့ လှူဒါန်းလို၍လည်းကောင်း စာအုပ်ကို ထုတ်ဝေခြင်းဖြစ်သည်။

**ထုတ်ဝေသူ - တရားသစ္စာစာပေ ဖုန်း ၀၉ ၇၈၅ ၁၇၉ ၂၃၃ မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## မိုးကျရွှေကိုယ်တစ်ယောက်ရဲ့ဘဝတစ်ကွေ့က နရသိန်




စာရေးသူ ရဲကျော် စီစဉ်ရေးသားသည့် မိုးကျရွှေကိုယ်တစ်ယောက်ရဲ့ ဘဝတစ်ကွေ့က နရသိန် စာအုပ်ထွက်ရှိလာသည်။

တပ်မတော်အရာရှိတစ်ဦးအဖို့ မည်ရွေ့မည်မျှ ပေးဆပ်ရသည်ကို အထူးတလည်ပြောပြရန် မလိုပါ။ စစ်သားဟူသည် စစ်မှုထမ်းဘဝဖြင့်သာ သက်ဆုံးတိုင် နေထိုင်လိုကြသူများသာဖြစ်သည်။ လိုအပ်၍သာ နယ်ဘက်သို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ရသော်လည်း နိုင်ငံတော်မှ တရားဝင်သတ်မှတ်ထားသည့် ရာထူးနွယ်စဉ်အရ ဆီလျော်သည့်ရာထူးအဆင့်ဖြင့် ဝင်ရောက်တာဝန်ထမ်းဆောင်ခြင်းဖြစ်သည်။ များသောအားဖြင့် ဆီလျော်သည့်ရာထူးနွယ်စဉ်အဆင့်ထက်နိမ့်သော အဆင့်များဖြင့်သာ ဝင်ရောက်ကြရသူများဖြစ်သည်။ ထို့ထက်မက ကြီးမားလေးလံသောတာဝန်များကို တပ်မတော်တွင် ဦးဆွေးဆံမြည့်တာဝန်ယူသူများသာဖြစ်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို ခင်မြတ်သူစာပေ၊ အမှတ်-၁၁၊ ဒဂုဏ်သီရိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၉၆၄၀၈၂၁၆၄ နှင့် ၀၉ ၇၃၀၈၂၁၆၄ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ခေတ်မီသိပ္ပံနည်းကျ အကြောပြင်၊ အကြောဖွင့် အတတ်ပညာနှင့် မြန်မာ့တိုင်းရင်းဓာတ်စိုက်ပညာ အဖွင့်ကျမ်း



အကြောဝေဒနာခံစားနေရသူများအတွက် စာရေးသူ ဒေါက်တာသက်ဆွေ (Ph.D) စီစဉ်ရေးသားသည့် ခေတ်မီသိပ္ပံနည်းကျ အကြောပြင်၊ အကြောဖွင့် အတတ်ပညာနှင့် မြန်မာ့တိုင်းရင်းဓာတ်စိုက်ပညာအဖွင့်ကျမ်းစာအုပ် ထွက်ရှိလာသည်။

ရှေးဟောင်းနန်းတွင်း အကြောနှိပ်၊ အကြောဖွင့်ပညာကို ခေတ်မီသိပ္ပံနည်းကျ အကြောဖွင့်စက်ဖြင့် နှစ်ပေါင်း ၅၀ ကျော် လက်တွေ့သုတေသနပြုကုသအောင်မြင်ခဲ့သော နည်းများကို ဖော်ပြထားသည်။ ကျမ်းပြုသူကိုယ်တိုင် တပည့်ပေါင်းများစွာ သင်ကြားမွေးထုတ်ပေးပြီး စက်များပါ တီထွင်ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိသည်။ အဆိုပါစက်ကို အိမ်တိုင်းတွင် ဝယ်ယူထားမည်ဆိုပါက အကြောပညာရှင်သမားတော်တစ်ဦး ပင့်ထားသည့်အလား ရိုးရိုးအကြောတင်း၊ အကြောတက်၊ အကြောညပ်ခြင်းများနှင့် လေဖြတ်သည့်ဝေဒနာများကိုပါ ကုသနိုင်သည်။

**စာအုပ်ကို ထင်ကျော်စာပေ ဖုန်း-၀၉ ၇၉၅၅၁၉၅၉၆ နှင့် ၀၉ ၇၉၅၅၂၀၅၉၉ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## မြန်မာနိုင်ငံ အမြန်ဆုံးတိုးတက်အောင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မည်သို့ဆောင်ရွက်ကြမည်နည်း




စာရေးသူ မြက်ရိုင်းစီစဉ်ရေးသားသည့် မြန်မာနိုင်ငံ အမြန်ဆုံးတိုးတက်အောင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မည်သို့ဆောင်ရွက်ကြမည်နည်း စာအုပ် ထွက်ရှိလာသည်။

မြန်မာနိုင်ငံအမြန်ဆုံးတိုးတက်အောင်ဟူသည့် အမည်နှင့်အညီ မြန်မာနိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ဘောဂဗေဒပညာရပ်၊ ကုန်သွယ်ရေးဆိုင်ရာပညာရပ်အကြောင်း ရေးသားထားသည်။ တိုင်းပြည်ကြီးတိုးတက်စေလိုသော နိုင်ငံသားတိုင်း၊ လုပ်ငန်းရှင်တိုင်း၊ သက်ဆိုင်ရာတာဝန်ရှိလုပ်ပိုင်ခွင့်ရှိသူတိုင်း ဆက်စပ်ပတ်သက်နေသည်။ အိုင်ယာလန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုတို့၏ ကြီးပွားတိုးတက်လာသော နည်းပညာများကို ကြိုးစားရှာဖွေတင်ပြထားသဖြင့် အနာဂတ်မြန်မာ့ဒီမိုကရေစီခရီးအတွက် အားတက်ဖွယ်ဖြစ်သည်။

**စာအုပ်ကို လင်္ကာဒီပစာအုပ်တိုက်၊ အမှတ်-၁၀၂၊ တိုက်-၁၀၊ ပုလဲအိမ်ရာ၊ (၆၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၅၀၅၀၇၉၂၉ နှင့် ၀၉ ၇၇၇၄၃၂၂၁၉ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ဘဝနှင့် စီးပွားရေး(၁)




ဒေါက်တာအေးကျော် စီစဉ်ရေးသားသည့် ဘဝနှင့် စီးပွားရေး(၁) စာအုပ် ထွက်ရှိလာသည်။

ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်ကြီး ၁၀ ဦးစလုံးသည် သာမန်သူလို ကိုယ်လိုအဆင့်ကနေ မိဘမျိုးရိုး အမွေအနှစ်ကိုအားမကိုးဘဲ ငယ်စဉ်ကတည်းက ယုံကြည်ချက်အပြည့်ဖြင့် ကျားကုတ်ကျားခဲ ကြိုးစားလာကြလို့သာ ယခုလို ချမ်းသာကြွယ်ဝသည့်ဘဝမျိုးကို ရောက်ရှိလာခြင်းဖြစ်သည်။ ဒဿန အဟောင်းတွင် ကြီးပွားချမ်းသာဖို့ ငွေကြေးအရင်းအနှီး အများကြီးလိုအပ်တယ်၊ ငါ့မှာ ငွေကြေးအရင်းအနှီးအများကြီး မရှိဘူး၊ ဒါကြောင့် ငါမချမ်းသာနိုင်ဘူး။ ဒဿနအသစ်တွင် ကြီးပွားချမ်းသာဖို့ ခိုင်မာတဲ့ယုံကြည်ချက် လိုအပ်တယ်၊ ငါ့မှာ ချမ်းသာရမယ်ဆိုတဲ့ ခိုင်မာတဲ့ယုံကြည်ချက်ရှိတယ်၊ ဒါကြောင့် ငါမုချချမ်းသာရမယ်။ ထို့ကြောင့် စာဖတ်သူအနေဖြင့် အဆိုပါ ဒဿနနှစ်ခုထဲက တစ်ခုကိုရွေးချယ်ရမည်ဖြစ်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို ဘဝတက်လမ်းစာပေ၊ ဂျီ-၁၁၊ တော်ဝင်လုံးချင်းအိမ်ရာ၊ ၄၁-တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၃၇၅၂၆ နှင့် ၀၉ ၄၂၅၂၈၉၀၃၁ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။**

C B BANK

လေးစားအပ်ပါသော CB Bank ၏ မိတ်ဟောင်း၊ မိတ်သစ် Customer များအား CB Bank တာချီလိတ်(ဗိုလ်ချုပ်လမ်း) ဘဏ်ခွဲ အသစ်ကိုဖွင့်လှစ်၍ ဘဏ်လုပ်ငန်း ဝန်ဆောင်မှု များအားဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။




## တာချီလိတ်(ဗိုလ်ချုပ်လမ်း) ဘဏ်ခွဲ

အမှတ်(၁၈၅-က)၊ ပါဆက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်။

Tel : (95) **084 51814**
Fax : (95) **084 51815/ 52341**
Email : **contact@cbbank.com.mm** /Contact Center : **(01) 2317770**



ရခိုင်ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ရောင်းချပေးမည်။
ရခိုင်ပြည်နယ်အစိုးရနှင့် BXT International Co., Ltd. တို့အကျိုးတူပူးပေါင်း ဖော်ဆောင်နေသော စစ်တွေမြို့ရှိ ဧက (၉၀) ခန့်
စစ်တွေမြို့ မြေဗို့မြေယာ ဖော်ထုတ်ရေးစီမံကိန်း
အတိုးမဲ့ (၂၄) လ အရစ်ကျ
မြေကွက် အထူးအရောင်းပြပွဲ
စစ်တွေမြို့လယ် မြေဈေး တစ်စတုရန်းပေ သိန်းဂဏန်းကျော် ဖြစ်နေချိန်တွင်
ဤစီမံကိန်းမှ မြေကွက်များကို တစ်စတုရန်းပေ သောင်းဂဏန်းဈေး ဖြင့်သာ ရောင်းချပေးမည် ဖြစ်ပါသည်။
စစ်တွေမြို့လယ်ကောင်နှင့် ဘေးချင်းကပ်တည်ရှိသည်။
ရခိုင်ပြည်နယ်အစိုးရမှ ဂရန်မြေ ထုတ်ပေးမည်ဖြစ်ပါသည်။
အတိုးမဲ့ (၂၄) လ အရစ်ကျစနစ်၊ ၂၅% အထူးလျှော့ဈေး တို့ဖြင့် ရောင်းချပေးမည်။
မြေကွက် (၁) ကွက်လျှင် သိန်း (၅၀၀) ကျော်မှ စတင်သည်။
တစ်သက်မှာ တစ်ခါသာ ရမည့် အခွင့်အရေး။ ဦးရာလူ အတွက်ကောင်းရမည်။
နေ့ရက် – ၁၈၊ ၁၉ ရက် မေလ၊ ၂၀၁၉။ (စနေ၊ တနင်္ဂနွေ)
အချိန် – နံနက် (၉) နာရီမှ ညနေ (၅) နာရီထိ။
ရောင်းချမည့်နေရာ(၁) – အာရီယန်စားသောက်ဆိုင် (Arian Restaurant)၊ စစ်တွေမြို့။
ရောင်းချမည့်နေရာ(၂) – iMyanmarHouse.com ရုံးခန်း၊ MAC Tower၊ ၁၁လွှာ၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
(CB Bankဘေး ဓာတ်လှေကားမှ တက်ပါရန်။)
iMyanmarHouse.com (အိုင်မြန်မာဟောက်စ် ဒေါ့ကွန်း) Ph: 09 455294841~5
အသေးစိတ်ကြည့်ရန် imyanmarhouse.com/sittwe

# ပရိယတ္တိပညာရည်ချွန်ဆုနှင်းပူဇော်ပွဲ ဆင်ယင်ကျင်းပမည်

ဗုဒ္ဓမြတ်စွာ သာသနာတော်သုံးရပ်တွင် အခြေခံရေသောက်မြစ်ဖြစ်သော ပရိယတ္တိသာသနာတော်ကို အထူးချီးမြှောက်ပူဇော်သောအားဖြင့် ၂၀၁၈ခုနှစ် (၁၃၇၉–၁၃၈၀)ပညာသင်နှစ်အတွင်း မြန်မာနိုင်ငံတော် ထိပ်တန်းစာမေးပွဲကြီးများတွင် တစ်ပြည်လုံးပထမနံပါတ်(၁)ရ၍ အောင်မြင်ခဲ့ကြသော အောက်ပါသာသနာ့အာဇာနည်အရှင်မြတ်တို့အား အထူးပူဇော်ဂုဏ်ပြုမည့် ပရိယတ္တိပညာရည်ချွန် ဆုနှင်းပူဇော်ပွဲကို ကျင်းပပူဇော်ကြမည်ဖြစ်ပါ၍ ပါဝင်ပူဇော်ကြပါရန်နှင့် နှစ်စဉ်နှစ်တိုင်း ကျင်းပသွားမည့် ထိုပရိယတ္တိပညာရည်ချွန်ဆုနှင်းပွဲကို တိုးချဲ့ပူဇော်သွားနိုင်ရေးအတွက် ပရိယတ္တိပညာရည်ချွန် ပဒေသာရန်ပုံငွေများထည့်ဝင်လှူဒါန်းကြပါရန် အထူးလေးစားချစ်ခင်စွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ပထမအကြိမ်ပူဇော်ခံရမည့်သာသနာ့အာဇာနည်များ

**(၁) အရှင်မာနိတာလင်္ကာရာဘိဝံသ**
သဒ္ဓမ္မနယပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ ဒေးဝန်းအရှေ့ရပ်၊ မန္တလေးမြို့။
(မန္တလေး ပရိယတ္တိသာသနဟိတ (သကျသီဟ) စာမေးပွဲစာချတန်း နံပါတ် – ၁ )

**(၂) အရှင်ရာဇမဏ္ဍာလင်္ကာရာဘိဝံသ**
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(ရန်ကုန်စေတိယင်္ဂဏစာမေးပွဲ စာချတန်း နံပါတ် – ၁ )

**(၃) အရှင်အဂ္ဂ (အဂ္ဂမဟာအကျော်)**
တိပိဋကထိန်လင်းကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
(နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲ စာချတန်း နံပါတ် – ၁ )

**(၄) အရှင်သာဂရဉာဏာလင်္ကာရ (ပထမကျော်)**
မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။
(ပထမပြန်စာမေးပွဲပထမကြီးတန်း နံပါတ် – ၁)

**(၅) အရှင်နန္ဒသာရ**
သဒ္ဓမ္မနယပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ ဒေးဝန်းအရှေ့ရပ်၊ မန္တလေးမြို့။
(မန္တလေး သကျသီဟစာမေးပွဲစာသင်တန်း နံပါတ် – ၁)

**(၆) အရှင်ဝါယာမိန္ဒာလင်္ကာရ**
ဓမ္မဝိနယရုံသီကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်၊ မန္တလေးမြို့။
(ရန်ကုန်စေတိယင်္ဂဏစာမေးပွဲစာသင်တန်း နံပါတ် – ၁)

■ တိပိဋကရေဘွဲ့ရပုဂ္ဂိုလ်၊ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့ရပုဂ္ဂိုလ်များပေါ်ထွန်းလျှင်လည်း ပူဇော်သွားကြမည် ဖြစ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | – | ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁)ရက်၊ ၂၀၁၉ ခုနှစ်၊ မေလ (၁၉)ရက်၊ တနင်္ဂနွေနေ့ |
| အချိန် | – | နံနက် (၉)နာရီ |
| ဌာန | – | ရွှေမိုင် မစိုးရိမ်ရွှေကျင်တိုက်သစ်၊ Junction - 8 အနီး၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |

**ဆက်သွယ်လှူဒါန်းရန်**

(ရန်ကုန်) ဒေါက်တာဝင်းဇော်အောင် – ၀၉ ၅၀၉ ၅၅၉၉၊
ဒေါက်တာမင်းဦး – ၀၉ ၅၀ ၂၀ ၃၈၃
အမှတ်(၁၈၁)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(မန္တလေး) ဒေါက်တာခင်ယုဝေ – ၀၉ ၄၀၂ ၅၆၆ ၁၆၆၊
ဒေါက်တာသာထက်အောင် – ၀၉ ၅၁ ၂၀ ၈၉၁
အမှတ် (၇၆)၊ ၂၈ လမ်း၊ ၇၃ × ၇၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

Air.con တွေဘယ်လောက်ဖျက်ဖျက် (၁)ရက်ထဲနဲ့ ကောင်းအောင်ပြင်ပေးနိုင်တာ AAS ပါ။
AAS Air.con Services



Thinggangyun branch : 573 811,578 957
Tamwe branch : 09 505 4228 , 09 420071954
Myaynigone branch : 09 86 14140
Lanmadaw branch : 09 4200 33454 , 09 4200 33464
Mandalay branch : 09 450 236 294 , 09 772 013 711

ကွန်ဒို / တိုက်ခန်းရောင်းမည်။
- Innya View Condo
Sqft ၁၅၀၀ + ကားပါကင် + ရေကူးကန် = ကျပ် ၃၀၀၀ သိန်း
- ဒုတိယထပ်၊ ၁၉ လမ်း (အောက်)
၁၆ပေ × ၅၀ပေ = ကျပ် ၇၅၀ သိန်း
- ပထမထပ်၊ ၁၉ လမ်း(အောက်)
၁၆ပေ × ၅၀ပေ = ကျပ် ၈၀၀ သိန်း
ဆက်သွယ်ရန် ၀၉–၇၉၈၈၀၈၀၈၀
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် (ဝယ်မည့်သူသာ ဆက်သွယ်ရန်)

တိုးလျှံ
အိမ်ခြံမြေအကျိုးဆောင်
ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-402022223
09-402022224

### အိတ်ဖွင့်(အရောင်း)တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စက္ကူစက်ရုံ (ရေနီ)ရှိ ဝါးနှင့်ဝါးဖြတ်စ ကုန်ကြမ်း (၃၅၃၈.၉၉)တန်အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချလိုပါသည်။ တင်ဒါပုံစံများကို အရည်အသွေးထိန်းသိမ်းရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၆-၅-၂၀၁၉ရက်
တင်ဒါပိတ်ရက် - ၁၄-၆-၂၀၁၉ရက်

အသေးစိတ်သိရှိလိုပါက (၀၆၇-၄၀၈၃၉၃၊ ၀၆၇-၄၀၈၃၇၅၊ ၀၆၇-၄၀၈၃၃၂၊ ၀၉-၅၀၆၅၈၀၂) တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။




သဲကန္တာရ မြေဖြစ်ထွန်းရေး သစ်ပင် စိုက်ပျိုး ထိန်းသိမ်းပေး

"မျက်နှာစာ အကျယ်ပေ(၅၀၀)ကျော်၊ အရှေ့အနောက် အကျယ်ပေ(၁၈၀၀)ကျော်၊ နေပြည်တော်၊ မြို့မဈေးသွားကားလမ်းကြီးဘေးမေးတင်၊ နေရာကောင်း(KLO)ဆီပန့်ရှေ့ စားသောက်ဆိုင်တန်းများအနီးရှိ (နှစ်ကိုးဆယ်ဂရန်မြေ)ကိုးကေမြေကွက်ကြီးအားရောင်းမည်။"
09-2039566, 09-448548778, 09-8300442

အမေရိကန် နှင့် ကနေဒါ ထိပ်တန်းတက္ကသိုလ်ကြီးများကို တစ်ပြိုင်တည်း လေ့လာရွေးချယ်နိုင်မည့်
EDUCATION EXHIBITION 2019
Eureka Room, Novotel Hotel
၁၈.၅.၂၀၁၉ (စနေနေ့)
နေ့လယ်(၁)နာရီမှ ညနေ(၄)နာရီ
AT&S International Education Services
/eduGlobalVillage
- အထက်တန်းအောင်မြင်ပြီးသူများ၊ IGCSE အောင်မြင်ပြီးသူများ SAT / ACT မလိုဘဲ တက်ရောက်နိုင်မည့်အမေရိကန်တက္ကသိုလ်များ၊
- SAT ရမှတ်ပေါ်တွင်မူတည်၍ ပညာသင်ဆုလျှောက်ထားနိုင်မည့် တက္ကသိုလ်များ၊
- အမေရိကန်ထိပ်တန်းတက္ကသိုလ် ၁၀၀ ကိုလျှောက်ထားနိုင်မည့် ကောလိပ်နှင့် အထက်တန်းကျောင်းများ၊
- ထိပ်တန်းအင်ဂျင်နီယာနှင့် နည်းပညာတက္ကသိုလ်ကြီးများသို့ Guaranteed Admission ရရှိနိုင်မည့် တက္ကသိုလ်ကောလိပ်များ၊
- MBA နှင့် စီးပွားရေးဆိုင်ရာဘွဲ့ဒီဂရီများကိုတက်ရောက်ပြီး Post Graduate Work Permit လျှောက်ထားနိုင်မည့် ကနေဒါတက္ကသိုလ်များ စသည့်တက္ကသိုလ်ကောလိပ်ပေါင်း ၅၀ ကျော်ကို တစ်နေရာတည်းတွင် လာရောက်လေ့လာနိုင်ပါသည်။
အဆောင်(၅)၊ အခန်း(၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ။ ၀၉ ၅၀၆၂ ၁၆၁ ၀၉ ၇၉၉ ၅၉၅ ၉၄၉

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် မြစ်ကြီးနားမြို့တွင်း အောက်ဖော်ပြပါလမ်းဆုံများတွင် Digital မီးပွိုင့် တပ်ဆင်ခြင်း လုပ်ငန်းအား (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်-

| Lot | လုပ်ငန်းအမည် |
|---|---|
| ၁ | မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းနှင့် ရုံးကြီးလမ်းဆုံ (ဆေးရုံထောင့်) |
| ၂ | သခင်နက်ဖေလမ်းနှင့် ရုံးကြီးလမ်းဆုံ (ရေကူးကန်ထောင့်) |
| ၃ | ဈေးကြီးလမ်းနှင့် တပင်ရွှေထီးလမ်းဆုံ (အောင်နန်း RC Church ထောင့်) |
| ၄ | သခင်နက်ဖေလမ်းနှင့် တပင်ရွှေထီးလမ်းဆုံ (BOC ထောင့်) |
| ၅ | သခင်နက်ဖေလမ်းနှင့် ကျွန်းရွှေဝါလမ်းဆုံ (အေးစေတီအဝိုင်းလမ်းဆုံ) |
| ၆ | ဇော်ဂျွန်းလမ်းနှင့် ကျွန်းရွှေဝါလမ်းဆုံ (ကျွန်းပင်သာကုန်းဆင်းလမ်းဆုံ) |
| ၇ | ဈေးကြီးလမ်းနှင့် အနော်ရထာလမ်းဆုံ (အထက-၃၊ လမ်းဆုံ) |
| ၈ | မဟာဗန္ဓုလလမ်းနှင့် တပင်ရွှေထီးလမ်းဆုံ (အထက-၂၊ လမ်းဆုံ) |
| ၉ | ဂျပန်လမ်းနှင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းထောင့် (ကုန်ချကွင်းသွားလမ်း) |

၂။ တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက် - ၁၃-၅-၂၀၁၉ ရက် (ရုံးချိန်အတွင်း)
၃။ တင်ဒါပိတ်မည့်ရက် - ၁၂-၆-၂၀၁၉ ရက် (၁၅:၀၀) နာရီအထိ
၄။ တင်ဒါတင်သွင်းရမည့်နေရာ - ဘဏ္ဍာဌာနစု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး
၅။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၆။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်းနံပါတ် (၀၇၄-၂၅၂၉၅၄၄)နှင့် (၀၇၄-၂၅၂၄၂၀)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**မြစ်ကြီးနားမြို့**

ပုလုတ်တုတ်
နိုးနိုးရှန်းရဲ့ တတ်ခလောက်၊ ဝက်ဝံမြူလေးပုံလုံပုံရဲ့ မေတ္တာ၊ ဒိုရေမွန်၊ နိုးနိုးနဲ့ အိကွေး၊ ထင်ရှားကျော်ကြား ကာတွန်းဇာတ်ကောင်များ (NARUTO)၊ နိုင်ငံတကာကာတွန်းကားမိတ်ဆက်၊ ထူးထူးခြားခြား အသိလည်းကြွယ် ဉာဏ်စမ်းမယ်၊ ဆေးရောင်လှလှ ခြယ်ရအောင်၊ စသည့် ကဏ္ဍပေါင်းများစွာနှင့်
၂၀၁၉ ခုနှစ်၊ ဇွန်လ ထွက်ပြီ။
၁,၅၀၀ ကျပ်
တစ်နှစ်စာ ကြိုတင်ငွေပေးသွင်းပြီးသူများထံ ဆိုင်များသို့မရောက်မီ ဦးရောက်ကြိုတင်ပြီး (အိမ်တိုင်ရာရောက်) ပို့ဆောင်ပေးနေပါပြီ။
တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

အုံ့ အောင်မြေ
ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-5077806
09-43074454

Golden Land ReaL Estate အိမ်ခြံမြေအကျိုးဆောင် မှ
ရန်ကင်း၊ ဗဟန်း၊ တာမွေမြို့နယ်များရှိ အဆင့်မြင့်ပြင်ဆင်ပြီး ကွန်ဒိုနှင့်လုံးချင်းများအား ဝယ်လို၊ ငှားလိုသော Customer များရှိပါသဖြင့် အိမ်ပိုင်ရှင်များဆက်သွယ်အပ်နှံနိုင်ပါသည်။
09-73008848, 09-96 4008848




ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်အေး
### အသက်(၉၀)

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာနေ (ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ)၏ဇနီး ဒေါ်တင်တင်အေးသည် ၁၁-၅-၂၀၁၉ (စနေနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဌာနချုပ်**

---

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီး စိုးမြင့် (ငြိမ်း)
**ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်ဟောင်း**
### အသက်(၈၅)နှစ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးစိုးမြင့်သည် ၁၃-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေတိဂုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဟန်အေး
### အသက်(၈၃) နှစ်

ဗိုလ်မှူးစိုးထိုက်-ဒေါ်မျိုးသန်းဇင်တို့၏ဖခင်ဖြစ်သူ ဦးဟန်အေး အသက် (၈၃) နှစ်သည် ၁၁-၅-၂၀၁၉ (စနေနေ့) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၁၅)မှ သူငယ်ချင်းမိသားစုများ**

---

## (၁)လပြည့်လွမ်းဆွတ်သတိရခြင်း
## ဦးမြင့်လွင်(ခ)ဂျော်နီ(ဒိုက်ဦး)

ကျေးဇူးရှင်အစ်ကိုကြီးကွယ်လွန်သည်မှာ ၁၆-၅-၂၀၁၉ ရက်တွင် (၁)လပြည့်ခဲ့ပါပြီ။ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်းနှင့်အတူ လွမ်းဆွတ်သတိရဆဲပါ။

**ကျန်ရစ်သူ**
**ညီအစ်ကိုမောင်နှမများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းအောင် (၇၂)နှစ်
**အင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းအောင်၏ ချစ်လှစွာသောဖခင်ဖြစ်သူ ဦးထွန်းအောင်သည် ၁၃-၅-၂၀၁၉ ရက်နေ့တွင် ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဉက္ကဋ္ဌ ဦးမြင့်အုန်းနှင့် ဇနီး ဒေါ်မူမူသင်း**
**CEO ဒေါက်တာမျိုးမြင့်အုန်း၊ CEO ဦးဝင်းမြင့်အုန်းနှင့်**
**Campana မိသားစုဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးဝင်း
**ဒုတိယအင်ဂျင်နီယာချုပ်(တံတား)(ငြိမ်း)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**Road Sector Management Specialist**
**Oriental Consultants Global Co., Ltd.**
### အသက်(၆၆)နှစ်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ မြခွာညို (၁)လမ်းနေ ဒေါ်ဝါဝါသိမ်း(ဝါရွှေစင်ပိုးထည်) (ခါတုဗေဒကုန်ထုတ် ၁၉၇၄-၇၈)၏ ခင်ပွန်းသည် ၁၄-၅-၂၀၁၉ရက် နံနက် ၄း၅၀နာရီတွင် ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဓါတုဗေဒ/ကုန်ထုတ် (၁၉၇၄-၇၈)**
**ကျောင်းသား/သူများ**

---

## အများသိစေရန်ကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀ဂျေ၊ မြေကွက်အမှတ်-၅၂၊ မြေကွက်တည်နေရာအမှတ်- ၅၉/၆၁၊ ၅၄-လမ်း(အပေါ်)၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ဒေါ်လုံး(CJ-၀၃၄၇၀၄) အမည်ပေါက် နှစ် (၉၀) ဂရန်မြေအား ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၄၉၇/၁၈ (၂၃-၂-၂၀၁၈)ဖြင့် ဒေါ်အေး၊ ဒေါ်တင်ရီ၊ ဒေါ်ခင်ချမ်း(ခ)စန်ဒရာ(ခ)ဒေါ်ခင်မော်ထွေးတို့မှ ပိုင်ဆိုင်ပြီး ဒေါ်အေး [၁၂/ဗတထ(နိုင်)၀၁၁၉၅၁]၊ ဒေါ်တင်ရီ[၁၂/ကတတ(နိုင်)၀၀၃၂၆၇]နှင့် ဒေါ်ခင်ချမ်း(ခ)စန်ဒရာ(ခ) ဒေါ်ခင်မော်ထွေး[၁၂/ကတတ(နိုင်)၀၂၇၁၇၀] (ကိုယ်စား) GP အမှတ်-၁၂၇၄/၁၇(၆-၂-၂၀၁၇) ရသူ ဦးခိုင်လွင်မိုး[၁၂/ဗတထ(နိုင်)၀၀၀၀၅၁]တို့က မြေငှားဂရန် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၄) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး (၂၆-၃-၁၈) ရက်စွဲပါ ထောက်ခံစာနှင့် ဗိုလ်တထောင်မြို့မ ရဲစခန်း၏ ၂၈-၃-၂၀၁၈ ရက်စွဲပါထောက်ခံစာ၊ မြောက်ဥက္ကလာပမြို့နယ် တရားရုံး ကျမ်းကျိန်လွှာအမှတ်စဉ် ၁၀/၃၉/၁၈ (၁-၁၀-၂၀၁၈)၊ ဂရန်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက် တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်၍ မြေငှားစာချုပ်အမှတ်- ဘီတီ-၁၃၂/၃၅ (၉-၁-၃၆) ဖြင့် မူလကထုတ်ပေးခဲ့သည့် ဒေါ်လုံး အမည်ပေါက် မြေငှားစာချုပ် (ဂရန်)မူရင်းအားပယ်ဖျက်ပြီး ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ရဟန်းဒါယကာကြီး**
## ဦးစံရွှေ
### အသက်(၈၀)

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၃၃)၊ အာသာဝတီ(၂) လမ်း၊ (၂)ရပ်ကွက်နေ (ဦးကျော်ငြိမ်း- ဒေါ်တင်ညွန့်)တို့၏သား၊ (ဦးလှမြင့်-ဒေါ်စောရီ)တို့၏ သားသမက်၊ ဦးလှငွေ-(ဒေါ်ခင်စု)၊ ဦးဟန်ညွန့်-ဒေါ်မြင့်ကြည်တို့၏ ညီ/မောင်၊ ဦးတေဇနိယ၊ ဦးမျိုးမြင့်-ဒေါ်တင်ချိုတို့၏ အစ်ကို၊ ကိုရဲထွန်း-မမြသူဇာ(ခေတ္တ-စင်ကာပူ)၊ ကိုသန်းတင်-မတင်မျိုးအေး၊ ကိုဝေလင်းဦး-မငြိမ်းငြိမ်းစုတို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုး၊ ဒေါ်တင်လှ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၅-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၉ရက်နေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၉ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒေါက်တာ ဦးစောအောင် (ဝါးခယ်မ)
### အသက် (၆၇) နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၆)လမ်း၊ အမှတ်(၆၈)နေ (ဦးချမ်းအေး-ဒေါ်ကြူ)တို့၏ သား၊ (ဦးတင့်ရွှေ-ဒေါ်ကြင်)တို့၏ သားသမက်၊ ဒေါ်လှချို၏ခင်ပွန်း၊ ဗိုလ်ကြီးအောင်သူ(တပ်မတော်-လေ)၊ဒေါက်တာသုတ(ဗဟိုရဲစည်ဆေးရုံ)၊ မဝင့်သီရိလွင်(ဆေး-၁)တို့၏ကျေးဇူးရှင်ဖခင်၊ ဒေါက်တာဦးစောအောင်သည် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀း၅၅ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မဥ္ဇူ (B.A. Hist)
**ဒိုက်ဦးမြို့**
**ငွေစုဘဏ်ခွဲ(၁)၊ မြန်မာ့စီးပွားရေးဘဏ်**
### အသက်(၄၆)နှစ်

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ စက်မှု ရိပ်သာ၊ (၁၂)ရပ်ကွက်၊ တိုက်အမှတ် (၂၁)၊ အခန်း (၁၆)နေ ဦးလှမြင့် (စက်မှု၊ ငြိမ်း)-ဒေါ်ခင်စမ်းမြင့်(ဆရာမ၊ ငြိမ်း)တို့၏ ချစ်လှစွာသောသမီးကြီး၊ ရန်ကုန်မြို့နေ ဦးသိန်းဟန်-ဒေါ်ဝင်းယုသွယ်၊ ဝေဘာဂီမြို့နေ ဒေါ်ခင်သန်း ဆွေ၊ ဦးကျော်ငြိမ်း-ဒေါ်ခင်ဝမ်းမြင့်၊ ဒေါ်မြင့်မြင့်ကြိုင်၊ ဦးမြင့်လွင်-ဒေါ်ရီရီ မြိုင်၊ ဦးကျော်ရှိန်း-ဒေါ်ဝင်းဝင်းစိန် တို့၏ တူမ၊ ဦးမိုးဝင့်-ဒေါ်သန်းသန်းစော၊ ဦးကျော်ထက်-ဒေါ်သင်းသင်းအိတို့၏ ညီမ၊ ဒေါ်သဇင်မြင့် (မြန်မာ့ဆေးဝါးစက်ရုံ၊ အင်းစိန်)၏ အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏ ချစ်လှစွာသောအဒေါ်သည် ၁၄-၅-၂၀၁၉(အင်္ဂါနေ့) ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉(ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ လှိုင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးလှဒေါင်း၏ ဖခင်ဖြစ်သူ ဦးညွှန့်မောင် အသက် (၁၀၂) နှစ်သည် ၁၃-၅-၂၀၁၉ ရက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ် (၆၇)**
**မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြသောင်း
**B.E(Mining) 64' Intake RIT**
### အသက်(၇၂)နှစ်

သူငယ်ချင်း ဦးမြသောင်း ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၆၄-၁၉၆၅)**
**ပထမနှစ် ကျောင်းသား/ကျောင်းသူဟောင်း**
**သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးဝင်း
### အသက်(၆၆)နှစ်
**ဒုတိယအင်ဂျင်နီယာချုပ်(တံတား)(ငြိမ်း)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ မြခွာညို (၁)လမ်း၊ အမှတ်(၁၇)နေ (ဦးကျော်ငြိမ်း-ဒေါ်သန်းရွှေ)တို့၏သား၊ (ဦးစိုးသိမ်း-ဒေါ်အေးကြိုင်)တို့၏ သားသမက်၊ ဒေါ်ဝါဝါသိမ်း(ဝါရွှေစင်ပိုးထည်)၏ ခင်ပွန်း၊ ကိုဇေယျာမျိုး(ခ)သျှိုင်းသင်ကာ-ဒေါ်ကြည်ကြည်ဆွေ(ခ)ချောစု၊ ကိုဇာနည်မျိုး-မမေသန္တာထွန်း(ခ)လုံးလုံး၊ ကိုနေမျိုးထွေး-မလွင်လွင်မျိုး၊ ကိုဖြိုးမြတ်သူ-မမေဇွန်ရတနာမျိုးတို့၏မွေးသဖခင်၊ အံ့ထူးဇေယျာ၊ မအိမ့်ချိုးဇေယျာတို့၏ အဘိုး ဦးမျိုးဝင်းသည် ၁၄-၅-၂၀၁၉ရက် နံနက် ၄း၅၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**တည်ဆောက်ရေးအဖွဲ့(၁)ရတနာပုံတံတားမှ အင်ဂျင်နီယာဝန်ထမ်းများ**
**နှင့် ကာယဉာဏလုပ်သားများ**

---

## အနိစ္စ

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မေကြာဖြူ
### အသက်(၉၁)နှစ်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ (၁၀)လမ်း၊ အမှတ်(၃၃၇)နေ (ဦးစိန်သာဦး)၏ဇနီး၊ ဦးထွန်းလှ-ဒေါ်ကျော်မစိန်၊ ဦးထွန်းလှစိန်-(ဒေါ်ယဉ်စိန်)၊ ဒေါ်ခင်စိန်-ဦးသာထွန်းအောင်၊ ဦးလှမောင်-ဒေါ်မသိန်းနု၊ ဒေါ်ခင်လှ-ဦးရွှေစိန်၊ ဦးခင်မောင်-ဒေါ်ဖြူဖြူသန်း၊ ဒေါ်ခင်နု-ဦးခင်ဦး၊ ဦးကျော်မောင် (အထွေထွေအတွင်းရေးမှူး၊ ရခိုင်သဟာယအသင်း-ရန်ကုန်၊ ရက္ခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း-နာယက)-ဒေါ်မိုးစန္ဒာကျော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၇ ယောက်တို့၏ အဘောင်ရှင်၊ မြစ် ၁၆ ယောက်တို့၏ အဖီးရှင်၊ တီတစ်ယောက်၏ အဇူရှင်သည် ၁၄-၅-၂၀၁၉(အင်္ဂါနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကျိုစအအေးတိုက်မှ ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၉(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မြင့်(ခ)လျောင်ရှုလျှန်
### အသက်(၈၀)

သုံးခွမြို့နေ (ဦးဟိုက်ရာ-ဒေါ်လေမိ)တို့၏ သမီးထွေး၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၁၂)လမ်း၊ အမှတ်(၃၆)နေ ဒေါ်ကျင်ကျင်၏ညီမ၊ ဦးရန်စိန်-ဒေါ်ဘိအင်း၊ ဦးကျော်ထွန်း-(ဒေါ်တင်နု)၊ ဦးပိန်-ဒေါ်လေဝေါတို့၏ ကျေးဇူးရှင်အဒေါ်၊ မြေး ၁၄ ယောက်၊ မြစ်လေးယောက်တို့၏ အဘွားလေးသည် ၁၃-၅-၂၀၁၉ (တနင်္လာနေ့) ည ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (၁၂ လမ်း နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်လှဲ့လှဲ့(ကသာ)
### အသက်(၇၃)နှစ်

ကသာမြို့ (၉)ရပ်ကွက်နေ (ဦးဌေးမောင်-ဒေါ်တင်မြင့်)တို့၏သမီး၊ ဦးမျိုးတင့်(Marine-CE)-ဒေါ်သိန်းသိန်း (အထပြ၊ ငြိမ်း)၊ ဒေါ်ဖြူဖြူဝင်း(အထပြ၊ ငြိမ်း)၊ (ဦးလှမြင့်)-ဒေါ်ဆွေဆွေဝင်း(သမ၊ ငြိမ်း)၊ (ဦးမျိုးသီဟ)-ဒေါ်ကြူကြူတင့် (ကသာအရှေ့သစ်ထုတ်လုပ်ရေး)၊ ဦးမျိုးသန့်တင် (ဆည်မြောင်း၊ ငြိမ်း)-ဒေါ်မာလာသန့် (အလပြ၊ ငြိမ်း)၊ ဦးကိုကိုလှိုင်-ဒေါ်တင်တင်ဌေး(အလပြ၊ ကျောင်းအုပ်၊ လှိုင်းဘွဲ့)တို့၏ ချစ်လှစွာသောအစ်မကြီး၊ တူ/တူမ ကိုးယောက်တို့၏အဒေါ်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၄-၅-၂၀၁၉(အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၇း၃၀ နာရီမှ ၁၀ နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀) ရပ်ကွက်၊ ရွှေသီရိ (၁) လမ်း၊ အမှတ်(၆) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဦးကောဝိဒ(ခ)ဦးကံဦး
## သိက္ခာတော် (၁၁)ဝါ၊ သက်တော် (၈၉)နှစ်

ရတနာမြိုင်ကျောင်းတိုက်၊ ဗိုလ်မင်းခေါင်လမ်း၊ (၁၃) ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၏ ပဓာနနာယက ဒေါက်တာဘဒ္ဒန္တဝိသိဋ္ဌ၏ ခမည်းတော်၊ ဦးမြကြိုင်၊ ဒေါ်တင်ဌေး၊ ဦးအောင်မြင့်၊ မကြည်ဌေးတို့၏ဖခင်ကြီး၊ မြေး ၁၃ ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘိုး၊ (ဒေါ်ရွှေတင်)၏ ခင်ပွန်း၊ ဦးကောဝိဒ(ခ) ဦးကံဦး သိက္ခာတော် (၁၁)ဝါ၊ သက်တော် (၈၉)နှစ်သည် ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်(တနင်္လာနေ့) ညနေ ၆း၃၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့၊ ၁၉-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ရတနာမြိုင်ဆရာတော်နှင့် ဆွေမျိုးများ

---

## ဒေါ်ထွေးစိန်
### အသက်(၉၃)နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၃၃/ခ)နေ (ဦးစိုး-ဒေါ်ပိုးဥ)တို့၏ သမီး၊ ဦးသန်းဝင်း(ကထိက၊ သချ်ာဌာန၊ ငြိမ်း)၊ ဒေါ်ဌေးဌေးခိုင်(မော်ကွန်းထိန်း-၂၊ စီးပွားရေးတက္ကသိုလ်-ငြိမ်း)၊ ဒေါ်သန်းသန်းခိုင်(လ-၄၊ ရန်ကင်း)၊ ဒေါ်နုနုခိုင်(ဆ-သ-ရ)၊ ဦးကျော်မင်းဝင်း (အိုးအိမ်-ငြိမ်း)တို့၏မိခင်၊ ဦးဝမ်ဘိန်း၏ဇနီးသည် ၁၃-၅-၂၀၁၉(တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၉(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ထားထားအေး
### အသက် (၆၄)နှစ်

ရန်ကုန်မြို့ အမှတ် (၄၇၂-A)၊ ဒုထပ်၊ တကောင်း (၇)လမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ [ဦးတင်လှိုင်(နယ်ပိုင်ဝန်ထောက်-ငြိမ်း)-ဒေါ်ကြည်ကြည်]တို့၏သမီး၊ (ဗိုလ်မှူးသိမ်းမောင်-ဒေါ်နှင်းရီ)တို့၏ သမီးချွေးမ၊ ဦးဌေးဝင်း-(ဒေါ်လှလှဝင်း)၊ ဒေါ်နွဲ့နွဲ့ဝင်း၊ (ဦးကျော်စိုး)-ဒေါ်သက်သက်ဝင်း၊ ဦးအောင်ကြည်ဦး-ဒေါ်လှဲ့လှဲ့ဝင်း၊ ဦးမင်းအုန်းသွင်-ဒေါ်မာမာအေး၊ ဒေါ်မာလာညွန့်၊ ဦးမျိုးသန့် (လေကြောင်းဦးစီး)-ဒေါ်သိန်းသိန်းဝင်း(လေကြောင်းဦးစီး)တို့၏ ညီမ/အစ်မ၊ ဗိုလ်ကြီးဇော်သိန်း(ငြိမ်း)-(ဒေါ်ခင်အေးစိန်)၊ ဒုဗိုလ်မှူးကြီး ဘသန်း(ငြိမ်း)-ဒေါ်ဖြူညွန့်သိန်း၊ (ဦးခင်မောင်ဖြိုး-ဒေါ်နီလာသိန်း)၊ ဦးသိန်းဆွေ-ဒေါ်ပုလဲသိန်းတို့၏ ညီမ/အစ်မ၊ ရဲမှူး တင်မောင်သိန်း (ငြိမ်း)၏ဇနီး၊ ကိုကောင်းဆက်ဟန်၏မိခင်သည် ၁၅-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၅-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်အေးသိန်း (၉၂)နှစ်
**ဂုဏ်ထူးဆောင်နာယက**
**သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**
**အသင်းဝင်အမှတ်(၃၅)**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် (၂)နေ (ဦးဖေဟုတ်)၏ဇနီး ဒေါ်အေးသိန်း (ဂုဏ်ထူးဆောင်နာယက၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)သည် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

## တပ်ကြပ်အောင်သန်းနိုင်
### အသက်(၄၈)နှစ်
**တာမွေမြို့နယ်ရဲစခန်း**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နေ (ဦးစိုးနိုင်-ဒေါ်တင်အေး)တို့၏ သား၊ ဦးဝင်းနိုင်ဦး-ဒေါ်သက်သက်စိုး၊ ဦးသန်းလွင်စိုး-ဒေါ်ချိုချိုအောင်၊ ဦးကြည်ဟန်စိုး-ဒေါ်သန်းသန်းနွယ်တို့၏ ညီ/မောင်၊ ဦးတင်မင်းထွဋ်-ဒေါ်သဇင်နွယ်တို့၏ အစ်ကို၊ ရန်ကုန်မြို့ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ တာမွေမြို့နယ် ရဲစခန်းဝင်းနေ ဒေါ်ခိုင်ခိုင်မြင့်၏ ခင်ပွန်း၊ မချိုးလှဲ့လှဲ့နိုင်၊ မောင်ထက်ဇော်ဝင်းတို့၏ ချစ်လှစွာသောဖခင်သည် ၁၅-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၉ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ် ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်မြတ်ကျော် (၈၄)နှစ်
**Bosun C.D.C-4775**
**ယခင် (Hanseatic Shipping Co.,)**
**အငြိမ်းစား တပ်မတော်(ရေ)**
**ကိုယ်ပိုင်အမှတ်-5641**

တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁) ရပ်ကွက်၊ မြင်သာ (၃)လမ်း၊ အမှတ်(၃၃/၂)၊ မြေညီထပ်နေ ဦးအောင်မြတ်ကျော်သည် ၁၄-၅-၂၀၁၉ရက် ည ၇ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးဆွေ
**B.A(Eco)**
### အသက်(၄၆)နှစ်

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ် (၃၉)၊ လေးလွှာနေ (ဦးတင့်ဆွေ)-ဒေါ်ညိုညိုသိန်းတို့၏သား၊ ဦးထင်ကျော် (ကညန၊ နေပြည်တော်)-ဒေါ်ခင်မိုးဆွေ၊ ဒေါ်ခင်ပြုံးဆွေတို့၏ မောင်၊ မောင်ကျော်ဝင့်သူ၊ မဆွေဇင်ဦး၊ မာရီကို၊ ယုရိကိုတို့၏ ဦးလေးသည် ၁၅-၅-၂၀၁၉ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၉ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

# ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သောအထောက်အပံ့များရရှိစေရေး ကူညီဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်က အတည်ပြု



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်။

**နေပြည်တော် မေ ၁၅**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် **ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သော ငွေကြေး နည်းပညာအထောက်အပံ့များရရှိစေရေး ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်က အတည်ပြုခဲ့သည်။

### ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းတွင် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

အစည်းအဝေးတွင် ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံးက ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းသည် အဓိကအားဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်သွယ်ထားသော နယ်စပ်ကုန်သွယ်ရေးမြို့ ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကုန်ဖလှယ်ရာတွင် ပြည်သူများ နစ်နာမှုမရှိစေရန်နှင့် နိုင်ငံတော်မှ အခွန်ဘဏ္ဍာတိုးမြှင့်ရရှိရန်အတွက် ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်း၏ အားနည်းချက်များကို ပြုပြင်တည်ဆောက်ပေးနိုင်ရန် ဝိုင်းမော်မြို့နယ်ရှိ **စာမျက်နှာ ၄ ကော်လံ ၁ သို့**

# ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့က ပြန်လည်ဖြေကြား

**နေပြည်တော် မေ ၁၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့က ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

### ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကဲ့သို့ လေးလမ်းသွားဆိုပါက လမ်းလယ်ကျွန်းအနိမ့် Depressed Median ကို တည်ဆောက်အသုံးပြုရမည်

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **"ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လမ်းလယ်ကျွန်းများ ပြုပြင်မွမ်းမံခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကဲ့သို့ လေးလမ်းသွားဆိုပါက လမ်းလယ်ကျွန်းအနိမ့် Depressed Median ကို တည်ဆောက်အသုံးပြုရမည်ဖြစ်ပါကြောင်း၊ လက်ရှိ လမ်းလယ်ကျွန်း၏ အမြင့်သည် Raised Median ဖြစ်နေခြင်းကြောင့် အရေးပေါ်ယာဉ်များ ဝင်ရောက်ရန်ခက်ခဲခြင်း၊ မိုးရာသီတွင် လမ်းပေါ်၌ရေစီးခြင်း၊ သတ်မှတ်သည့်လမ်းပခုံးများ ထည့်သွင်းတည်ဆောက်ထားမှုမရှိခြင်းကြောင့် **စာမျက်နှာ ၅ ကော်လံ ၁ သို့**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း။

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ တတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

